ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊ (23-9-2005) (၄၇၂၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန်　　စက်တင်ဘာ　　၂၃

၂၀၀၅ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆော်ဒီအာရေဗျနိုင်ငံ၏ ဘုရင်မင်းမြတ် အဗ္ဗဒူလာဘင် အဗ္ဗဒူ(လ်)အာဇစ် အယ်လ်ဆော့(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ်အတွင်းရှိ ရော်ဘာမျိုးခြံများ ကြည့်ရှုစစ်ဆေး

ဇင်းကျိုက်အသေးစားရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားတိုးတက်ထုတ်လုပ်ရေး ဆွေးနွေးမှာကြား

ရန်ကုန်　　စက်တင်ဘာ　　၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တပ်မတော်အရာရှိများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများလိုက်ပါ၍ စက်တင်ဘာ ၁၉ရက်တွင် မွန်ပြည်နယ် ရော်ဘာစိုက်ဧက တိုးမြှင့်ရေးအတွက် စီစဉ်ဆောင်ရွက်နေသော မွန်ပြည်နယ်အတွင်းရှိ ရော်ဘာမျိုးခြံများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံပေးသည်။

ကြိုဆို

ရေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာရှိ နယ်မြေခံတပ်သို့ရောက်ရှိရာ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တပ်မတော်အရာရှိများက ကြိုဆိုကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဇင်းကျိုက်ရေတံခွန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာရှိ ဇင်းကျိုက်ရေတံခွန်၏ ရေစီးဆင်းမှုနှင့် ပတ်ဝန်းကျင်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၂-၉-၂၀၀၅)

ရန်ကုန်(မင်္ဂလာဒုံ)	၃ ဒသမ ၈၂ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၂ ဒသမ ၈၇ လက်မ
မှော်ဘီ	၁ ဒသမ ၅၄ လက်မ
သထုံ	၁ ဒသမ ၅၀ လက်မ
မကွေး	၀ ဒသမ ၇၅ လက်မ
ပျဉ်းမနား	၀ ဒသမ ၆၇ လက်မ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၃-၉-၂၀၀၅
(သောကြာနေ့)

ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေး တိုင်းရင်းသားပြည်သူအားလုံး လက်တွဲကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ဥမကွဲ သိုက်မပျက် အစဉ်အဆက် စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရက ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ကမ္ဘာတည်သရွေ့ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် ချိတ်ဆက် အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ဦးထမ်းပဲ့ထမ်း ကြိုးပမ်းတည်ဆောက်လျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသား ပြည်သူများအတွက် ထိရောက်စွာအကျိုးပြုလျက်ရှိသည့် ဆည်မြောင်း တာတမံများ၊ ရထားလမ်း၊ ကားလမ်းသစ်များ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများစွာကို တည်ဆောက်ပေးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းများအပါအဝင် လေယာဉ်ကွင်းသစ်များ၊ နိုင်ငံတကာအဆင့်မီ ပင်လယ်ကူးဆိပ်ကမ်းများကို တည်ဆောက်ဖြည့်ဆည်းပေးထားပြီဖြစ်သည်။ ထို့အပြင် စက်ရုံအလုပ်ရုံသစ်များ၊ ရေအားလျှပ်စစ်စက်ရုံကြီးများ၊ သဘာဝဓာတ်ငွေ့သုံးနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများသည်လည်း ဆင့်ကာဆင့်ကာ ဖြန့်ကြက်ပေါ်ထွန်းလာလျက်ရှိကြောင်း တွေ့မြင်နေရသည်။

အလားတူပင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင်လည်း တက္ကသိုလ်များ၊ အထူးကုဆေးရုံများသည် ပြည်နယ်၊ တိုင်း၊ မြို့ကြီးများနှင့် ဖွံ့ဖြိုးရေး အထူးဒေသကြီးများကို အခြေပြု၍ တိုးပွားဖြစ်ထွန်းစည်ပင်လျက်ရှိနေပေသည်။

သာဓကအားဖြင့် မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ ကြည့်လျှင်ပင် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ဆေးဘက်ပညာသည်တက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ တက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် စသည့်တက္ကသိုလ်များ၊ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံနှင့်အထူးကုဆေးရုံများ ပေါ်ထွန်းနေကြောင်း အထင်အရှား တွေ့မြင်နေရပြီဖြစ်သည်။

ယင်းကဲ့သို့ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို မည်သူ၏ အားပေးထောက်ပံ့မှုမျှမရှိဘဲ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထူထောင်နိုင်ခြင်းမှာ နိုင်ငံတော်၏ အားပေးကူညီမှု၊ တိုင်းရင်းသားပညာရှင်များ၏ စွမ်းပကားနှင့် ပြည်သူတစ်ရပ်လုံး၏ ကြိုးပမ်းအားထုတ်မှု စွမ်းအားတို့ ပေါင်းစည်းဆောင်ရွက်နိုင်ခြင်းတို့ကြောင့်ပင် ဖြစ်သည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသာယာမှုနှင့် စည်းလုံးညီညွတ်မှု အခြေခံကောင်းများ အခိုင်အမာ တည်ဆောက်ပေးနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိရာ မူလရည်မှန်းထားသည့်အတိုင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်လည်းဖြစ်၍ အရေးအကြီးဆုံးအဆင့်လည်းဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ အောင်မြင်တိုးတက်မှုခရီးရောက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်အစိုးရက ပြည်သူများအပေါ်ထားရှိသည့် စေတနာမေတ္တာတို့ကို အလေးထားကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေး ကြိုးပမ်းဖော်ဆောင်မှုများတွင် အားသွန်ခွန်စိုက် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ် မြေစိုက်ပိုစတာဆိုင်းဘုတ်ဖွင့် အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ကချင်ပြည်နယ်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၁၇ ရက်တွင် မိုးညှင်းမြို့သို့ရောက်ရှိပြီး မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် "စစ်မှန်သောမျိုးချစ်စိတ်ဓာတ်"မြေစိုက်ပိုစတာဆိုင်းဘုတ်ဖွင့်ပွဲသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ကာ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် "စစ်မှန်သော မျိုးချစ်စိတ်ဓာတ်" မြေစိုက်ပိုစတာ ဆိုင်းဘုတ်ဖွင့်ပွဲတွင် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူးသည် မိုးညှင်းမြို့နယ် စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပသော မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅)သို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ သုံးဘာသာနှင့်အထက် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူးသည် မိုးညှင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စာကြည့်တိုက်နှင့် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်အတွက် လိုအပ်သည်များကို ပံ့ပိုး လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ရွှေဝါမြေစိုက်ပျိုးရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများက ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူးနှင့်အဖွဲ့သည် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ပင်းဘောဒေသမှ ဒေသခံ တောင်သူများနှင့်တွေ့ဆုံ၍ ယခုနှစ်တွင် ဆောင်းသီးနှံ သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများ၏ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းနှင့် စာကြည့်တိုက်တို့အတွက် အလှူငွေများကို ပေးအပ် လှူဒါန်းသည်။

ထို့နောက် အတွင်းရေးမှူးနှင့်အဖွဲ့သည် မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော "စစ်မှန်သောမျိုးချစ်စိတ်ဓာတ်"မြေစိုက်ပိုစတာဆိုင်းဘုတ်ဖွင့်ပွဲသို့ တက်ရောက်ပြီး အတွင်းရေးမှူးက စက်ခလုတ်နှိပ်၍ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ ကျေးလက် စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးကို ပေးအပ်လှူဒါန်းသည်။

ပိုစတာစိုက်ထူ

အတွင်းရေးမှူးနှင့် အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်တွင် ဝိုင်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် "စစ်မှန်သောမျိုးချစ်စိတ်ဓာတ်"မြေစိုက်ပိုစတာဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆိုင်းဘုတ်ကိုဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးကို ပေးအပ်လှူဒါန်းသည်။

ဖြည့်ဆည်းပေး

ယင်းနောက် အတွင်းရေးမှူးနှင့်အဖွဲ့သည် မိုးမောက်မြို့နယ် နားလုံကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်း၌ လည်းကောင်း၊ ဒေါ်ဖုန်းယန်မြို့နယ်ခန်းမ၌ လည်းကောင်း၊ မြို့သစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း မိုးလှဲချောင်းဒေသ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး ကျေးလက်ဒေသ စီးပွားရေးမြှင့်တင် ပေးနိုင်ရေးအတွက် ဆောင်းသီးနှံ၊ သီးထပ်စိုက်ပျိုးနိုင်ရန် တောင်သူများ၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အတွင်းရေးမှူးနှင့်အဖွဲ့သည် မြို့သစ်ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးဂန္ဓမာအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အတွင်းရေးမှူးသည် စက်တင်ဘာ ၂၀ ရက်တွင် ဗန်းမော်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသည့် "စစ်မှန်သောမျိုးချစ်စိတ်ဓာတ်" မြေစိုက်ပိုစတာ ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆိုင်းဘုတ်ကိုဖွင့်လှစ်ပေးပြီး ဗန်းမော်မြို့နယ်ခန်းမ၌ ကျင်းပသော ဒေသခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် တောင်သူများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကာ အမှာစကားပြောကြား၍ တောင်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးနှင့် ဆောင်းသီးနှံ သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် အတွင်းရေးမှူးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ရွှေဝါမြေစိုက်ပျိုးရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိသော ကျောင်းသား၊ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့နယ်အသင်း(ရန်ကုန်)မှ အလှူငွေကျပ် တစ်သိန်းကိုကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

အထက(၄) မင်္ဂလာတောင်ညွန့် အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၂

အထက(၄) မင်္ဂလာတောင်ညွန့် (ယခင်)စိန်အန်ထော်နီ ကျောင်းသားဟောင်းများ၏ ဒသမအကြိမ်အာစရိယ ပူဇော်ပွဲကို နိုဝင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆရာဦးစိန်ဝင်း ဖုန်း-၃၇၅၈၂၀၊ ဦးသန်းလွင် ဖုန်း-၅၇၀၄၁၇၊ ၅၆၀၃၂၂၊ ဦးဟန်ဌေး ဖုန်း-၅၄၃၆၃၁၊ ဦးအောင်ကျော်ဟန် ဖုန်း-၂၄၆၀၁၁၊ ၃၈၁၈၈၅ နှင့် ဦးခင်မောင်သန်း (ဘိုင်လေး) ဖုန်း- ၃၇၅၀၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာရှိ နယ်မြေခံတပ်၏ အောင်ဆန်းခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✧ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အဆိုပါတပ်ရှိ အောင်ဆန်းခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်များအား တွေ့ဆုံ၍ ယနေ့စစ်သည်တို့သည် သမိုင်းမှ နောင်တော်စစ်သည်တို့ ထမ်းဆောင်ခဲ့သော နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးတာဝန်တို့ကို ပခုံးပြောင်း တာဝန်ယူထားသူများဖြစ်၍ မိမိတို့တာဝန်ကို ကျေပွန်စွာထမ်းရွက်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး တာဝန်အဖြစ် သတ်မှတ်ခံယူပြီး ကာကွယ် စောင့်ရှောက်သွားရေးတို့ကို အကျယ်တဝင့် မှာကြားပြီး တပ်မတော်သားများအတွက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများကို နယ်မြေခံ စစ်ဗျူဟာမှူးထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်တို့က ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နယ်မြေခံ တပ်မတော်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် တပ်နယ်အတွင်း မျိုးသန့်ရော်ဘာပင် သုံးသိန်း ပျိုးထောင်ဖြန့်ဖြူးရေးခြံရှိ အမှတ်(၁)နှင့် အမှတ်(၂)တို့၌ BPM-24 နှင့် RRIM-500/600 မျိုးစိတ် ရော်ဘာ ပျိုးပင်များ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စည်က လိုက်လံရှင်းလင်းပြသပြီး ယင်းခြံအတွင်း၌ ရော်ဘာပင် လေးသိန်း သုံးသောင်း ပျိုးထောင်စိုက်ပျိုးပြီး ဖြစ်ကြောင်း တင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရော်ဘာပျိုးပင်များကို လာမည့်နှစ်တွင် ပျိုးပင် ၅၀၀၀၀၀ ရရှိအောင် စီစဉ်စိုက်ပျိုးရေး၊ မိသားစုများကိုလည်း ရော်ဘာပျိုးပင်များကို ကိုယ်ပိုင်ပျိုးပင်များ ရရှိရေးချ နိုင်အောင် စီစဉ်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဝဲကလိကျေးရွာရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းဧည့်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ထူထောင်မှုတို့အတွက် ငွေကျပ်သိန်း ၃၀ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းနွဲ့ထံ ပေးအပ်လှူဒါန်းပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကျောင်းအတွက် အလှူငွေကျပ် ၁၀သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မြိတ် လမ်းမကြီး၏ သံဖြူဇရပ်-မုဒုံ-မော်လမြိုင်လမ်းအတွင်း ဝဲ၊ ယာတို့၌ ဖြစ်ထွန်းအောင်မြင်နေသော ရော်ဘာခြံများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မုဒုံမြို့နယ်ရှိ ဝင်းကမော့တံတားကို သံကူကွန်ကရစ်အဖြစ် အစားထိုးတည်ဆောက်နေသည့်နေရာသို့ ရောက်ရှိကြရာ မွန်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအင်ဂျင်နီယာမှူးကြီး ဦးသော်ကနှင့် မော်လမြိုင်ခရိုင် အင်ဂျင်နီယာမှူး ဦးဝင်းတင့်တို့က ဝင်းကမော့တံတားကို သံကူကွန်ကရစ်အဖြစ် အစားထိုးတည်ဆောက်ရာတွင် တံတားမှာ ၃၅ပေ နှစ်ခန်း၊ အရှည်ပေ ၇၀နှင့် အကျယ် ၃၈ပေရှိ၍ ယခုအခါ တည်ဆောက်မှုအားလုံး၏ ၇၀ရာခိုင်နှုန်းမှာပြီးစီးကာ ကျန်ရှိသော လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ သုတေသနနှင့် မျိုးပွားခြံသို့ ရောက်ရှိကြရာ ရှေးဦးစွာ ရှင်းလင်းခန်းမရှေ့၌ ခင်းကျင်းပြသထားသော ရော်ဘာစေး အဆင့်(၁)မှ အဆင့်(၅)အထိ နမူနာရော်ဘာပြားများ၊ ရော်ဘာအစေးခြစ်ကိရိယာများ၊ ရော်ဘာလုပ်ငန်းသုံး ဓာတုဗေဒဆေးများနှင့် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြပြီး ရှင်းလင်းခန်းမ၌ ပြည်နယ်မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးစိုးဝင်းနှင့် ခြံမန်နေဂျာ ဦးမြင့်ဆွေတို့က မျိုးပွားခြံ၏ အချက်အလက်များ၊ ပျိုးထောင်ရော်ဘာမျိုး ၁၈မျိုးကို ဖူးဆက်နှင့်မျိုးသန့် နှစ်မျိုးခွဲခြား ထုတ်လုပ်ပေးနေမှု၊ ယခုနှစ်တွင် ဖူးဆက်ပင် ငါးသိန်းနှင့် မျိုးသန့်ပင် နှစ်သိန်း ထုတ်လုပ်ထားမှု၊ မြေပေါင်လက်ခံပျိုးခင်းနှင့် ပလတ်စတစ်အိတ်လက်ခံပျိုးခင်း ခွဲခြားပျိုးထောင်မှု၊ ယခု၂၀၀၅-၂၀၀၆ ခုနှစ်တွင် မျိုးသန့်မျိုးစေ့များကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဖြန့်ဖြူးမှု၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း (အနောက်)၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့သို့ ဖြန့်ဖြူးပေးမှုနှင့် ဆက်လက်၍ ရော်ဘာမျိုးကောင်း မျိုးသန့်များကို ပျိုးထောင်ဖြန့်ဖြူးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထုတ်လုပ်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မွန်ပြည်နယ်သည် တစ်နိုင်ငံလုံး၏ ရော်ဘာအများဆုံး စိုက်ပျိုးသော ရော်ဘာစံပြပြည်နယ်ဖြစ်သဖြင့် ပြည်နယ်အတွင်း ရော်ဘာစိုက်ဧက လေးသိန်း ရောက်ရှိအောင်ဆောင်ရွက်လျက်ရှိရာ လိုအပ်သော ရော်ဘာပျိုးပင်များကို မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပုဂ္ဂလိကခြံများက တစ်နှစ်ထက် တစ်နှစ် တိုးတက် ထုတ်လုပ်သွားရန် တွန်းအားပေးနေကြောင်း၊ ယခုအခါ မွန်ပြည်နယ်၏ ရော်ဘာစိုက်ပျိုးမှုမှာ ဧက ၂ ဒသမ ၆ သိန်းရှိပြီး ဧက လေးသိန်းပြည့်မီရန် ဧက ၁ ဒသမ ၄သိန်း ထပ်မံစိုက်ပျိုးရဦးမည်ဖြစ်သဖြင့် လိုအပ်သော ရော်ဘာပျိုးပင် သိန်း ၃၀၀ကျော်ရရှိရန် တွန်းအားပေးနေရခြင်း ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ရော်ဘာ တိုးချဲ့စိုက်ပျိုးနေကြရာတွင် မွန်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးမှု ပင်ရင်းပြည်နယ်ဖြစ်သဖြင့် တစ်နိုင်ငံလုံး၏ ရော်ဘာပျိုးပင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ကြောင်း၊ ယခုအခါ အခြားသော ပြည်နယ်နှင့်တိုင်းများက မွန်ပြည်နယ်ကို အမှီပြု၍ ရော်ဘာတိုးချဲ့ စိုက်ပျိုးနေချိန်တွင် ၎င်းတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရင်း မိမိတို့အကျိုးစီးပွားလည်း ဖြစ်ထွန်းလာမည်ဖြစ်ရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ တပ်ရင်းတပ်ဖွဲ့များနှင့် ပုဂ္ဂလိကပျိုးခြံတို့က အစွမ်းကုန်ကြိုးပမ်း၍ ပျိုးပင်ထုတ်လုပ်ကြရန် ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ရော်ဘာမျိုးကောင်း မျိုးသန့် ပျိုးပင်သိန်း ၁၅၀ကို ထုတ်လုပ်ပေးရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ မျိုးပွားခြံအတွင်း ရော်ဘာပျိုးခင်း အကွက်အမှတ်(၁)၊ (၂)၊ (၃)တို့၌ ရော်ဘာလက်ခံ ပျိုးပင်များကို မြေပေါင်ပျိုးနှင့် ပလတ်စတစ်အိတ်ပျိုးစနစ်တို့ဖြင့် ပျိုးထောင်ထားရှိမှုအခြေနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ခြံဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ ကျောက်သဘော်ဘုရားစေတီအနီးရှိ ဇင်းကျိုက်အသေးစား ရေအားလျှပ်စစ်စက်ရုံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်နယ် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာ ဦးအေးကျော်က ဇင်းကျိုက်အသေးစား ရေအားလျှပ်စစ်စက်ရုံ၏ နောက်ခံသမိုင်း၊ စက်ရုံ၏ နည်းပညာဆိုင်ရာ အချက်အလက်များ၊ စက်ရုံမှ တစ်နေ့လျှင် ၁၃နာရီဖြင့် တစ်နှစ်လျှင် ငါးလသာ ပေါင်မြို့နယ် ဖလပ် ကျေးရွာနှင့် ဇင်းကျိုက်ကျေးရွာတို့အား ဓာတ်အားဖြန့်ဝေပေးနေမှု အခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရေအားလျှပ်စစ် ဓာတ်အား ဖြန့်ဖြူးမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်မည့် အခြေအနေတို့ကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည်အသေးစား ရေအားလျှပ်စစ် စက်ရုံအတွင်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ထုတ်လုပ်သည့် Manualစနစ် Pelton (Horizontal) အမျိုးအစား (6 KW Unit) စက်အမှတ် (၁)နှင့် Electronic စနစ် Pelton (Horizontal) အမျိုးအစား (64 KW Unit) စက် အမှတ်(၂) တို့ကိုလည်းကောင်း၊ အကြီးစားစက်မှုလုပ်ငန်းက ထုတ်လုပ်သည့် Electronic အမျိုးအစား (64 KW Unit) စက် အမှတ်(၃) နှင့် (၄)တို့ကို လည်းကောင်း၊ ဇင်းကျိုက်ရေတံခွန်၏ ရေစီးဆင်းမှုအားနှင့် ပတ်ဝန်းကျင်အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ် ကဗိုင်းစံပြကျေးရွာ၌ လေအားလျှပ်စစ် ထုတ်လုပ်စက် တပ်ဆင်၍ စတင် အသုံးပြုခြင်း ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ကဗိုင်း စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျူလိုက မီးခလုတ်နှိပ်၍ ကဗိုင်းစံပြကျေးရွာ လေအားလျှပ်စစ် ထုတ်လုပ်စက် လေရဟတ်ကို ဖွင့်လှစ်ပေးပြီး လေအားလျှပ်စစ် ထုတ်လုပ်စက်ဖြင့် မီးဒီယိုပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လေအားလျှပ်စစ် ထုတ်လုပ်စက်ကို တပ်မတော်(ရေ)က ကျေးလက်ဒေသများ၌ လျှပ်စစ်မီးရရှိရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လျှပ်စစ်ဓာတ်အားအတွက် လောင်စာဆီနှင့် ဖယောင်းတိုင် ချွေတာ၍ အကုန်အကျ သက်သာစေရန် ရည်ရွယ်ပြီး တီထွင်ထုတ်လုပ်ခြင်း ဖြစ်ကြောင်း၊လေအားလျှပ်စစ်မှရရှိသော အကျိုးတရားများကို ကျေးလက်နေပြည်သူများရရှိခံစားနိုင်စေရန်၊တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်းစနစ်ဖြင့်လည်းကောင်း တပ်ဆင်အသုံးပြုနိုင်ရန် ဤလေအား လျှပ်စစ်ထုတ်လုပ်စက်ကို နမူနာပြအနေဖြင့် တပ်ဆင်ဖွင့်လှစ်ခြင်းဖြစ်ရာ ကျေးလက်ပြည်သူများက လေ့လာဆန်းစစ် ဝယ်ယူအသုံးပြုကြရန် တိုက်တွန်းကြောင်းဖြင့်ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ ကဗိုင်းစံပြကျေးရွာကို နိုင်ငံတော်က အဘက်ဘက်က စီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ လေအားဖြင့် လျှပ်စစ်ရယူသုံးစွဲနိုင်အောင် စီစဉ်ပြသခြင်းဖြစ်ကြောင်း၊ ကဗိုင်းစံပြကျေးရွာရှိ စာသင်ကျောင်းကိုလည်း အဆင့်မြှင့်တင်သွားရန် စီစဉ်ထားကြောင်း၊ ဆက်လက်၍လည်း လိုအပ်သည်များကို ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသနေပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဒေသခံ ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သံဖြူဇရပ် မြို့နယ် ဝဲကလိ ကျေးရွာရှိ တွဲဖက် အခြေခံပညာအထက်တန်းကျောင်း ဧည့်ခန်းမ၌ ကျောင်းဆောင်သစ် ဆောက်ရန်နှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ထူထောင်ရန်တို့အတွက် ငွေကျပ်သိန်း၃၀ကိုကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းနွဲ့ထံ ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် ဂျီ-အီး-စီ(ပညာရေး) သမဝါယမအသင်း လီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၁၆ ရက်က အမက(၂) မရမ်းကုန်း၌ကျင်းပရာ အသင်းသားများအား အစုပေါ် အကျိုးအမြတ်ငွေများ ပေးအပ်ပြီး ပညာရည်ချွန်ဆုချီးမြှင့်ရာ ငါးဘာသာ ဂုဏ်ထူးရှင် မောင်ဇေယျာဖြိုးအား မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သမဝါယမ)

သမ္မတဘုရှ်၏ ဆောင်ရွက်ချက် ပြည်သူထောက်ခံမှု ကျဆင်း ၅၈ ရာခိုင်နှုန်းက မထောက်ခံကြောင်း စစ်တမ်း၌ ဖော်ပြ

ဝါရှင်တန် စက်တင်ဘာ ၂၁

အမေရိကန်နိုင်ငံသား ၁၀ ရာခိုင်နှုန်းက သမ္မတဂျော့ဂျ်၊ဘုရှ်၏ ဆောင်ရွက်ချက်ကို သဘောတူထောက်ခံကြပြီး၊ ၅၈ ရာခိုင်နှုန်းသော ပြည်သူကမူ ထောက်ခံမှုမရှိကြကြောင်းဖြင့် တနင်္လာနေ့က ထုတ်ပြန်သည့် လူထုသဘောထား စစ်တမ်းသစ်တစ်ခုအရ သိရသည်။

သမ္မတဘုရှ်အား ထောက်ခံအဆင့် အောက်ဆုံးသို့ ထိုးကျသွားခဲ့ခြင်းမှာ ဒုတိယအကြိမ်ရှိပြီဖြစ်သည်ဟု စီအင် အင်ယူအက်စ်အေတူဒေးနှင့် ဂေါအပ်က ကောက်ယူသော လူထုသဘောထား စစ်တမ်းတွင် ဖော်ပြထားသည်။ လူ ၉၀၀ နီးပါးသေဆုံးခဲ့သော အမေရိကန် ပင်လယ်ကွေ့ကမ်းခြေဒေသသို့ တိုက်ခတ်ခဲ့သည့် ကက်ထရီနာလေမုန်တိုင်း ဂယက်ဖြစ်ပေါ်ပြီးနောက် ၄၁ ရာခိုင်နှုန်းသော ပြည်သူလူထုက သမ္မတဘုရှ်၏ ဆောင်ရွက်ချက်များကို သဘောတူထောက်ခံကြကာ ၅၇ ရာခိုင်နှုန်းက သဘောတူထောက်ခံမှုမရှိကြပေ။

၃၂ ရာခိုင်နှုန်းအထိကျဆင်း

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ဘုရှ်၏ ကိုင်တွယ်ဖြေရှင်းမှုအပေါ် ပြည်သူတစ်ရပ်လုံး၏ ထောက်ခံမှုသည် ၃၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပြီး၊ ၆၇ ရာခိုင်နှုန်းက အီရတ်စစ်ပွဲအပေါ် ဘုရှ်၏ ကိုယ်တွယ်ဖြေရှင်းမှု နည်းလမ်းကို သဘောတူထောက်ခံခြင်းမရှိခဲ့ကြပေ။

မှားယွင်း

အီရတ်အား ၂၀၀၃ ခုနှစ်က ကျူးကျော်တိုက်ခိုက်မှုသည် မှားယွင်းကြောင်း ၅၆ ရာခိုင်နှုန်းသော ပြည်သူလူထုက သဘောတူနေကြပြီး၊ ၆၃ ရာခိုင်နှုန်းကမူ အမေရိကန်တပ်ဖွဲ့ဝင်အချို့သို့တည်းမဟုတ် တပ်ဖွဲ့ဝင်အားလုံး ရုပ်သိမ်းသည်ကို မြင်လိုတွေ့လိုလှသည်ဟု ပြောကြားကြသည်။

ထောက်ခံ

၃၅ ရာခိုင်နှုန်းသော ပြည်သူလူထုက ဘုရှ်၏စီးပွားရေးကဏ္ဍတွင် ကိုင်တွယ်မှုအပေါ် ထောက်ခံကြပြီး၊ ၆၃ ရာခိုင်နှုန်းက ထောက်ခံမှုမရှိကြပေ။ ယင်းလူထုသဘောထားစစ်တမ်းကိုသောကြာနေ့မှတနင်္လာနေ့အတွင်း လူကြီး ၈၁၈ ဦးအား တွေ့ဆုံကာ ကောက်ယူခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ အီရတ်များ၏ တိုက်ခိုက်မှုကြောင့် မီးလောင်နေသည့် ဗြိတိသျှ သံချပ်ကာယာဉ်ကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကက်ထရီနာမုန်တိုင်းကြောင့် သေဆုံးသူ ၁၀၀၀ နီးပါးရှိ

ဘေတန်ရုဂ်(လူဝီစီးယားနား) စက်တင်ဘာ ၂၁

အမေရိကန်နိုင်ငံ လူဝီစီးယားနားပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ကက်ထရီနာမုန်တိုင်းကြောင့် ယင်းပြည်နယ်တွင် သေဆုံးသူ ၇၃၆ ဦးရှိပြီဟု အတည်ပြု ပြောကြားပြီးခဲ့သည့်နောက် ယင်းမုန်တိုင်းကြောင့် သေဆုံးသူ အရေအတွက်မှာ တနင်္လာနေ့အထိ ၉၇၃ ဦးအထိ မြင့်တက်လာခဲ့ကြောင်းဖြင့် ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မစ္စစ္စပီတွင် သေဆုံးသူ ၂၁၈ ဦး၊ ဖလော်ရီဒါ၊ အယ်လ်ဘားမား၊ ဂျော်ဂျီယာနှင့် တင်နက်ဆီဒေသတို့တွင် ဩဂုတ် ၂၉ ရက်က တိုက်ခတ်သည့် မုန်တိုင်းကြောင့် သေဆုံးသူ ၁၉ ဦး ရှိခဲ့သည်။

လူဝီစီးယားနား တာဝန်ရှိပုဂ္ဂိုလ်များက စောစောပိုင်းတွင် ထုတ်ဖော်ကြေညာခဲ့သည့် သေဆုံးသူ ၆၄၆ ဦးသည် တနင်္ဂနွေနေ့ နံနက်ပိုင်းအထိဖြစ်သည်။ သေဆုံးသူအများစု၏ အလောင်းများကို စိန်းဂေဘရီယယ်မြို့ ရင်ခွဲရုံတွင် ထားရှိသည်။

မစ္စစ္စပီမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ဖော်ပြပါပြည်နယ်၏ နောက်ဆုံး သေဆုံးသူ အရေအတွက်နှင့် စပ်လျဉ်း၍ ဝေဖန်ပြောကြားမှုမရှိပေ။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး ထိန်းသိမ်းခံရ စေ့စပ်ဆွေးနွေးပြီးနောက် ပြန်လည်လွတ်မြောက်လာ

ဆိုဖီယာ စက်တင်ဘာ ၂၁

အီရတ်နိုင်ငံတောင်ပိုင်းအကျဉ်းထောင်တစ်ခုကို ဗြိတိသျှတပ်ဖွဲ့ဝင် နှစ်ဦး လွတ်မြောက်ရန် ဗြိတိသျှ တပ်ဖွဲ့ဝင်များ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်ဟုသတင်းများထွက်ခဲ့သည်။ ထိုသတင်းများကို ဗြိတိသျှတပ်ဖွဲ့က တနင်္လာနေ့တွင် ငြင်းဆိုခဲ့သည်။ ၎င်းတို့တပ်ဖွဲ့ဝင်နှစ်ဦးသည် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

အီရတ် အကျဉ်းထောင်တစ်ခုကို ဝင်ရောက်စီးနင်းခြင်းသတင်းကို ၎င်းတို့မကြားမိကြောင်း၊ ၎င်းတို့သည် စေ့စပ်ညှိနှိုင်းနားလည်မှုများ ပြုလုပ်ခဲ့ကြောင်း လန်ဒန်မြို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဖမ်းဆီး

အီရတ်တပ်ဖွဲ့ဝင်များသည် တနင်္လာနေ့တွင် ဗြိတိသျှ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်နှစ်ဦးကိုဖမ်းဆီးခဲ့သည်။၎င်းတို့လွတ်မြောက်ရန် ဘာဆာရာဒေသအကျဉ်းထောင်ကို ဗြိတိသျှတင့်ကားများဖြင့် ဝင်ရောက်ဖြိုခွင်းခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ထောင်ကို ဗြိတိသျှတပ်ဖွဲ့ဝင်များသည် တင့်ကားခြောက်စီးဖြင့် ဝင်ရောက်စီးနင်းခဲ့ကြောင်း၊ ထိုအချိန်တွင် အပြစ်ဒဏ်ခံနေရသော အီရတ်နိုင်ငံသား ဒါဇင်များစွာ လွတ်မြောက်ခဲ့ကြောင်း ၎င်းက ပြောဆိုခဲ့သည်။

လွတ်မြောက်လာသော တပ်ဖွဲ့ဝင်နှစ်ဦး၏အကြောင်းကိုအသေးစိတ်မသိရှိကြောင်း ဗြိတိသျှ ကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူကပြောကြားခဲ့သည်။

တာဝန်ပြန်လည်ထမ်းဆောင်

လွတ်မြောက်လာသူနှစ်ဦး၏ အမည်များကို ဖော်ပြခြင်းမရှိဘဲ ၎င်းတို့သည် ဗြိတိသျှတပ်ဖွဲ့တွင် တာဝန်များ ပြန်လည် ထမ်းဆောင်လျက်ရှိကြောင်း ဗြိတိသျှကာကွယ်ရေးဌာနမှ ဝန်ကြီး ဂျွန်ရိဒ်ကဆိုသည်။

အီရတ်ရဲဌာနက ဗြိတိသျှတပ်ဖွဲ့ဝင် နှစ်ဦးကို လွန်ခဲ့သောနှစ်ရက်က ထိန်းသိမ်းထားသည်မှာ ဟုတ်မှန်ကြောင်း၊ ယခု ၎င်းတို့ ပြန်လည်လွတ်မြောက်လာကြ၍ ဗြိတိသျှတပ်ဖွဲ့တွင် တာဝန်များ ပြန်လည်ထမ်းဆောင်နေကြောင်း ၎င်းက ပြောကြားသည်။

၎င်းတို့ လွတ်မြောက်လာပြီးနောက် ဘာဆာရာတွင် အခြေအနေမှာ ပိုမိုတည်ငြိမ်လျက်ရှိသည်။

ပစ်ပေါက်

သံချပ်ကာယာဉ်များတွင် လိုက်ပါလာသော ဗြိတိသျှ စစ်သားများကို လူအုပ်များက ဓာတ်ဆီပုံးများ၊ ခဲလုံးများဖြင့် ပစ်ပေါက်ခဲ့ခြင်းကြောင့် ၎င်းတို့သည် ဒဏ်ရာအနည်းငယ် ရရှိခဲ့သည်။ ၎င်းတို့သည်မကြာမီပင်တာဝန်များကို ပြန်လည်ဆောင်ရွက်မည်ဖြစ်သည်ဟုဆိုသည်။***အမ်အင်အေ၊ရိုက်တာ။***

အီရတ်မြောက်ပိုင်းဒေသတွင် နယ်စပ်အစောင့် ၁၅ ဦး ပြန်ပေးဆွဲခံရ

တီကရစ်(အီရတ်) စက်တင်ဘာ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းမတည်ငြိမ်သည့် ဒေသတွင် လက်နက်ကိုင်အုပ်စုတစ်စုက အီရတ်နယ်စပ်အစောင့် ၁၅ ဦးကို ပြန်ပေးဆွဲခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အတည်ပြု

အနောက်ဘက် နယ်စပ်တပ်မှ အစောင့် ၁၆ ဦး တီကရစ်မှ ဘဂ္ဂဒက်သို့ သွားလာနေစဉ် သောကြာနေ့က ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်ဟု မိမိတို့ အတည်ပြုပြောကြားနိုင်ကြောင်း ပူးတွဲညှိနှိုင်းရေးဌာနမှ သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

၎င်းတို့အနက်မှ အစောင့်တပ်ဖွဲ့ဝင် တစ်ဦး လွတ်မြောက်လာခဲ့ပြီး ယင်းဖြစ်ရပ်ကို အီရတ် အာဏာပိုင်များထံ အကြောင်းကြားခဲ့သည်ဟု သတင်းရပ်ကွက်ကဆက်လက်ပြောကြားသည်။

ယာဉ်နှစ်စီးပေါ်လိုက်ပါစီးနင်းလာသူ လက်နက်ကိုင်အုပ်စုက နယ်စပ်အစောင့်များတင်ဆောင်လာသည့်ဘတ်စ်မော်တော်ယာဉ်အား ဘဂ္ဂဒက်မြောက်ပိုင်း ကီလိုမီတာ ၁၂၀ အကွာရှိ ဆမ်မာဝါမြို့အနီး အပိုင်စီးခဲ့ကြောင်း၊ လမ်းအကွေ့တစ်နေရာအရောက် မိမိမော်တော်ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးခဲ့ခြင်းဖြစ်သည်ဟု လွတ်မြောက်လာသူက ပြောကြားသည်။

ဧပြီလက ဖွဲ့စည်းခဲ့သည့် ရှီးယိုက်တို့လွှမ်းမိုးသည့်အီရတ်အစိုးရကမောက်ကမ ဖြစ်စေရန်အတွက် ပြောက်ကျားများက အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ကာ ပြန်ပေးဆွဲနေကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘေရွတ်၌ ပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးဒဏ်ရာရ

ဘေရွတ် စက်တင်ဘာ ၂၁

လက်ဘနွန်နိုင်ငံဘေရွတ်မြို့ရှိကူဝိတ် သတင်းဌာန ရုံးတစ်ရုံးကို တနင်္လာနေ့က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူနှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်ဟု လုံခြုံရေးဌာနက ပြောကြားခဲ့သည်။

ထိုရုံးသို့ ပါဆယ်ထုပ်တစ်ထုပ် ရောက်ရှိလာကြောင်း၊ ထိုအထုပ်မှ ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်ဟု ယူဆကြောင်း ရဲဌာနက ပြောကြားခဲ့သည်။ အဆိုပါရုံးတွင် အလုပ်လုပ်နေသော လက်ဘနွန်နိုင်ငံသား နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ထပ်မံပြောဆိုခဲ့သည်။

ဗုံးပေါက်ကွဲရာ နေရာဝန်းကျင်ကို လုံခြုံရေးတပ်ဖွဲ့များက စစ်ဆေးမှုများ ပြုလုပ်နိုင်ရန် ပိတ်ထားလိုက်သည်။

လက်ဘနွန်တွင် ယခင်ဝန်ကြီးချုပ် ရာဖက်စ်အယ်လ်ဟာရီရီ ဖေဖော်ဝါရီလတွင်လုပ်ကြံခံရပြီးနောက်ပိုင်း ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ထိုပေါက်ကွဲမှုများသည် ဆီးရီးယားနိုင်ငံ၏ လက်ချက်ဟုလက်ဘနွန်နိုင်ငံသားများက ပြစ်တင်ပြောကြားသည်။ ဆီးရီးယားအစိုးရက အဆိုပါကိစ္စကို ငြင်းဆိုခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ တယ်လ်အဖာမြို့တွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်နေကြသည်ကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း မုန်တိုင်းများတိုက်ခတ် ၁၆ဦးထက်မနည်းသေဆုံး၊ မိသားစု ၃၀၀၀ကျော် အိုးအိမ်မဲ့ဖြစ်

မနီလာ စက်တင်ဘာ ၂၂

ဖိလစ်ပိုင်နိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တပတ်မှစ၍ မြို့တော်မနီလာအပါအဝင် မြို့ကြီးများနှင့် ပြည်နယ်အများအပြား၌ မုန်တိုင်းတိုက်ခတ်မှုများ ဖြစ်ပွားခဲ့ရာ ၁၆ဦးထက်မနည်း သေဆုံးကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

အိုးအိမ်မဲ့

မုန်တိုင်း တိုက်ခတ်မှုများကြောင့် ကမ်မာရိန်ဆာပြည်နယ်နှင့် အီလိုကော်ဆာပြည်နယ်တို့တွင် မိသားစုပေါင်း ၃၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်း၊ ရေလွှမ်းမိုးနေသော ယင်းပြည်နယ်များမှ မုန်တိုင်းဘေးဒုက္ခသည်များကို ကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံခွင့်ပေးထားရကြောင်း အရပ်ဘက် ကာကွယ်ရေးရုံး ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ပြောရေးဆိုခွင့်ရှိသူ အန်ထော်နီဂိုလက်ဇ်က ပြောကြားသည်။

အီလိုကော်နော်တေးပြည်နယ်၊ကက်ညံပြည်နယ်၊ အယ်လ်ဟေးပြည်နယ်၊ ကမ်မာရိန်ဆာပြည်နယ်တို့ရှိ မြေနိမ့်ပိုင်း အရပ်များတွင် နေအိမ်များနှင့် လမ်းများ ရေနစ်မြုပ်နေကြောင်း၊ ရေမှာ ခါးလယ်ခန့်အထိ ဖြစ်ပေါ်လျက်ရှိရာ လမ်းများပေါ်၌ မော်တော်ယာဉ်များ ကူးသန်းသွားလာနိုင်ခြင်း မရှိကြောင်း ၎င်းကပြောကြားသည်။

ပျက်စီးဆုံးရှုံး

မုန်တိုင်း တိုက်ခတ်မှုများကြောင့် အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပီဆို ၅၄သန်းဖိုး ပျက်စီးဆုံးရှုံးရကြောင်း အရပ်ဘက် ကာကွယ်ရေးရုံးက ပြောကြားသည်။

မုန်တိုင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြေပြိုမှုများလည်း ပေါ်ပေါက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် ဗုံးပေါက်ကွဲ၊ ပြင်သစ်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ပါရစ် စက်တင်ဘာ ၂၁

အာဖဂန်နစ္စတန်နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေစဉ် အဝေးထိန်းစနစ်ဖြင့်ဖောက်ခွဲသော မြေမြှုပ်ဗုံး တစ်လုံးပေါက်ကွဲခဲ့ရာ ပြင်သစ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်ဟု ပြင်သစ် ကာကွယ်ရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

တနင်္ဂနွေနေ့တွင် ပြုလုပ်မည့် ရွေးကောက်ပွဲအတွက် လုံခြုံမှုရှိစေရန် အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ဟာကျူလီ စစ်ဆင်ရေး ပြုလုပ်ခဲ့ကြသည်။

အာဖဂန်နိုင်ငံသို့ ၂၀၀၃ ခုနှစ်ကတည်းက ပြင်သစ်တပ်ဖွဲ့ဝင် ၂၀၀ ခန့် ရောက်ရှိခဲ့ပြီး စစ်ဆင်ရေးလုပ်ငန်းများအတွင်း အသေအပျောက်လည်း အများအပြားရှိခဲ့သည်။

တိုက်ခိုက်ခံရ

ပြင်သစ်တပ်ဖွဲ့ဝင်များ လိုက်ပါလာသော ယာဉ်တန်းတစ်ခုသည် လုံခြုံရေး စောင့်ကြပ်မှုများ ပြုလုပ်နေစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ပြင်သစ် ကာကွယ်ရေးဝန်ကြီး မီချီလီအလွန့် ဖာရီက ဥရောပရေဒီယိုဌာနသို့ ပြောကြားခဲ့သည်။

ပြင်သစ်တပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းသွားရာလမ်းတွင် အဝေးထိန်း စနစ်သုံး မြေမြှုပ်ဗုံးတစ်လုံး မြှုပ်ထားခဲ့ကြောင်း၊ ယာဉ်တန်းဖြတ်သန်းသွားသည့် အချိန်မှာ ညဘက်ဖြစ်သည့်အတွက် အဆိုပါဗုံးမြှုပ်ထားသည်ကို မတွေ့နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အင်ဒိုနီးရှားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ မပြန့်ပွားရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေသည်ကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သြစတြေးလျတွင် စိတ်ကြွဆေးပြားများ ရှာဖွေတွေ့ရှိ

ကင်ဘာရာ စက်တင်ဘာ ၂၁

သြစတြေးလျနိုင်ငံမှ တာဝန်ရှိသူများသည် ကာလပေါက်ဈေး အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်းဖိုးရှိ စိတ်ကြွဆေးပြား ၁၁၅၀၀၀ နီးပါးကိုရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းဆေးပြားများကို ဘယ်လ်ဂျီယံနိုင်ငံမှ တင်ပို့လိုက်သည့် သင်္ဘောတင်ကုန်သေတ္တာအတွင်း ပရိဘောဂပစ္စည်းများထဲတွင် ဝှက်၍ ယူဆောင်လာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အမည်မဖော်လိုသူ တစ်ဦး၏ သတင်းပေးချက် ရရှိပြီးနောက် တာဝန်ရှိသူများသည် ကုန်သေတ္တာကို ဓာတ်မှန်ရိုက် စစ်ဆေးစေခဲ့ကြောင်း တရားရေးဝန်ကြီး ခရစ်စ် အယ်လ်လီဆင်က ပြောကြားသည်။

ကုန်သေတ္တာကို အနီးကပ်စစ်ဆေးကြည့်ရာ ပရိဘောဂပစ္စည်းများ ထည့်ထားသည်ကို တွေ့ရကြောင်း၊ အကောက်ခွန်အရာရှိများက ပရိဘောဂပစ္စည်းများတွင် အပေါက်ငယ်တစ်ပေါက်ကို လွန်ဖြင့် ဖောက်ကြည့်ရာ ဆေးမှုန့်များ ထွက်လာကြောင်း၊ ဆေးမှုန့်များကို စစ်ဆေးကြည့်ရာ တရားမဝင် မူးယစ်ဆေးဝါးများဖြစ်နေသည်ကို တွေ့ရှိရကြောင်း အယ်လ်လီဆင်က ပြောကြားသည်။

အမှုနှင့်ပတ်သက်သူ သုံးဦးကို စွဲချက်တင်ထားပြီး ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အင်ဒိုနီးရှား ကလေးသုံးဦးတွင် ကြက်ငှက်တုပ်ကွေးရောဂါတွေ့ရှိ အဖျားကြီးပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ခံစားရ

ဂျကာတာ စက်တင်ဘာ ၂၁

အင်ဒိုနီးရှားနိုင်ငံတွင် အသက်သုံးနှစ်နှင့် ကိုးနှစ်ကြားရှိ ကလေးသုံးဦးတွင် ကြက်ငှက်တုပ်ကွေးရောဂါ လက္ခဏာကို တွေ့ရှိရသည့်အတွက် ဂျကာတာမြို့မြောက်ပိုင်း ဆူလီရန်တီဆာရိုဆေးရုံသို့ တင်ပို့ခဲ့ရသည်ဟု ကျန်းမာရေးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

ကလေးနှစ်ဦးကို အဆိုပါဆေးရုံ၌ ပင် အထူးကြပ်မတ် ကုသနေစဉ် ခြောက်ရက်မြောက်ဖြစ်သည့် တနင်္ဂနွေနေ့တွင် ရောဂါဖြစ်ပွားနေသူ ကလေးတစ်ဦး ဆေးရုံသို့ရောက်ရှိလာခဲ့သည်။ အဆိုပါကလေးအားလုံးသည် အဖျားကြီးခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများခံစားနေကြရကြောင်း အမည်မဖော်လိုသူ ဆေးဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။

ပေးပို့

၎င်းကလေးသုံးဦး၏ သွေးနမူနာကို ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်နိုင်ရန် ဟောင်ကောင်သို့ ပေးပို့ထားကြောင်း ဆေးဝန်ထမ်းတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ခံစားနေရ

ဆေးရုံသို့ နောက်ဆုံးရောက်ရှိလာသော ရိနာနီနင်ရှိအမည်ရှိ အသက်သုံးနှစ်အရွယ် သမီးကလေးတစ်ဦးတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဝေဒနာ ခံစားနေရကြောင်း ဒီတီကွမ်အွန်လိုင်းသတင်းဌာနက ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသူလေးဦးတွင် ကလေးနှစ်ဦးပါဝင်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တရုတ်နိုင်ငံ ရိုးရာလမုန့်ပွဲတော် ဟောင်ကောင်ခရီးသွားများပြား

ဟောင်ကောင် စက်တင်ဘာ ၂၀

တရုတ်နိုင်ငံတွင် တနင်္ဂနွေနေ့က ရိုးရာလမုန့်ပွဲတော်ကို ဟောင်ကောင်နိုင်ငံသား ၂၀၀၀၀၀ ခန့်က ကျင်းပခဲ့ကြပြီး ၎င်းတို့သည် လိုဝူနယ်စပ်မှတစ်ဆင့် ဟောင်ကောင်သို့ပြန်ရန် မျှော်မှန်းထားကြောင်း ဟောင်ကောင် လူဝင်မှုကြီးကြပ်ရေးဌာနက ပြောကြားခဲ့သည်။

ကျင်းပမည်

ယခုနှစ်တွင် ဆောင်းလလယ်ပွဲတော် ကျင်းပချိန်ကာလအတွင်း ရာသီဥတုဆိုးရွားမှုကြောင့် တရုတ်ပြည်မကြီးသို့ သွားရောက်သူ အနည်းငယ်သာရှိခဲ့ကြောင်း၊ အချို့သော ဟောင်ကောင် ပြည်သူများသည် အဆိုပါ ရိုးရာ လမုန့်ပွဲတော်ကို ကွမ်တုန်ပြည်နယ်အနီးတွင် ၎င်းတို့၏ မိသားစုများနှင့်အတူ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ထိုပွဲတော်ရက်တွင် ခရီးသွားများ များပြားလာပါက နယ်စပ်စစ်ဆေးဂိတ်များကိုလည်း ပိုမိုဖွင့်လှစ်ထားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် လုံခြုံရေးဆောင်ရွက်နေကြသည့် ရဲတပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

အိန္ဒိယ၏ပို့ကုန်လုပ်ငန်း မြင့်တက်

နယူးဒေလီ စက်တင်ဘာ ၂၁

အိန္ဒိယနိုင်ငံသည် ၂၀၀၅ခုနှစ်ဧပြီလမှ သြဂုတ်လအထိကာလတွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ၇ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ခဲ့ကြောင်း၊ နှစ်အလိုက် တိုးတက်နှုန်းမှာ ၂၃ရာခိုင်နှုန်းရှိခဲ့ကြောင်း စနေနေ့တွင်ထုတ်ပြန်သည့် လေ့လာချက် တစ်ရပ်က ဖော်ပြသည်။

ယင်း ဆန်းစစ်လေ့လာချက်ကို အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ထိပ်တန်းစီးပွားရေး အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်သော ပီအိပ်ချ်ဒီကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လေ့လာချက်

အရှေ့အလယ်ပိုင်း ဒေသသည် အိန္ဒိယနိုင်ငံ၏ ပို့ကုန်များအတွက် ကောင်းမွန်သော ဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေကြောင်း ဆန်းစစ်လေ့လာချက်တွင် ဖော်ပြထားသည်။

ယူဆ

ဆန်းစစ်လေ့လာချက်တွင် ပါဝင်ဖြေကြားသူများအနက် ၇၀ရာခိုင်နှုန်းက ပို့ကုန်လုပ်ငန်း အခြေအနေကောင်းမွန်သည်ဟု ခန့်မှန်းကြပြီး ၂၄ရာခိုင်နှုန်းက လာမည့်နှစ်တွင် အကောင်းဆုံးအခြေအနေဖြစ်မည်ဟု ခန့်မှန်းကြသည်။ ၆ရာခိုင်နှုန်းက ယမန်နှစ်ကကဲ့သို့ ပို့ကုန်လုပ်ငန်း အလားအလာမကောင်းဟု ယူဆကြသည်။

မြင့်တက်

ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပို့ကုန်လုပ်ငန်းတိုးတက်မှုမှာ ယမန်နှစ် ကထက် ၂၄ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း ဖြေကြားသူများအနက် ၇၄ရာခိုင်နှုန်းက ယူဆကြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပင်လယ်ပြင်အတွင်း လှိုင်းလေပြင်းထန် ဘင်္ဂလားဒေ့ရှ်ရေလုပ်သား ၃၀၀၀ ကျော် ပျောက်ဆုံး

ဒါကာ စက်တင်ဘာ ၂၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတစ်လျှောက်ရှိ ခရိုင်များမှ ထွက်ခွာလာသည့် ငါးဖမ်းလှေများသည် လှိုင်းလေပြင်းထန်သည့် ပင်လယ်ပြင်အတွင်း တိမ်းမှောက်သွားပြီဟု ယူဆရကြောင်း၊ ရေလုပ်သား ၃၀၀၀ နှင့်အတူ ငါးဖမ်းလှေ ၂၀၀ ထက်မနည်းမှာ အင်္ဂါနေ့ညနေမတိုင်မီအထိ ပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပင်လယ်ပြင်တွင် ပျောက်ဆုံးနေသည့် ရေလုပ်သားများအနက် ၁၀၀၀ ကျော်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ကောက်စ်ဘဇားဒေသမှဖြစ်ပြီး ရေလုပ်သား ၂၀၀၀ သည် ဘာဂူနာဒေသမှဖြစ်သည်ဟု ဘီဒီနယူးစ်ပုဂ္ဂလိက သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

– ထိန်းသိမ်း –

ပျောက်ဆုံးလျက်ရှိသည့် ငါးဖမ်းလှေနှင့် ရေလုပ်သားများအနက် ငါးဖမ်းလှေ ၄၀ နှင့် ရေလုပ်သား ၂၅၀ တို့သည် အနောက်ဘင်္ဂလားကမ်းခြေသို့ ဝင်ရောက်ခိုနားစဉ် ၎င်းတို့ကို အိန္ဒိယရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့သည်ဟု ဖော်ပြပါသတင်းအရ သိရသည်။

သတင်းဌာန၏ ဖော်ပြချက်အရ ရေလုပ်သား ၈၀၀ ခန့် ပျောက်ဆုံးနေပြီး ပင်လယ်အော်မုန်တိုင်း တိုက်ခတ်မှုကြောင့် လူ ၁၅ဦး ရေနစ်သေဆုံးဖွယ်ရှိသည်ဟု သိရှိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မွန်မြတ်သော ရည်ရွယ်ချက်(၇)ရပ်ဖြင့် ကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

သတင်းထောက်
သောင်းညွန့်(ဖျာပုံ)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်အဖြစ် ၁၉၉၃ ခုနှစ်မှစတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် တေရသမအကြိမ် (၁၃ကြိမ်) အဖြစ် ရန်ကုန်မြို့တော်တွင် ယခင်နှစ်များထက် ပိုမိုခံ့ညားထည်ဝါစွာ ကျင်းပရန် စီစဉ်လျက်ရှိပေသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အရေးပါသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ရာ ယခုနှစ်ကျင်းပမည့် တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မွန်မြတ်သော ရည်ရွယ်ချက် (၇)ရပ်ဖြင့် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရပေသည်။

ယင်းရည်ရွယ်ချက် (၇)ရပ်ကို လေ့လာမည်ဆိုပါက **"မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရန်"** ဟူသော ပထမရည်ရွယ်ချက်ကို တွေ့ရပါသည်။ မြန်မာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ရိုးရာဂီတ အနုပညာရပ်တို့ဖြင့် နှစ်ပေါင်းထောင်ချီ၍ သမိုင်းရှည်ကြာ တည်တံ့နေခဲ့ကြပြီးဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိမာန်တို့သည် မြန်မာတို့၌ တဖွားဖွားနိုးကြားရှင်သန်ခဲ့ကြသည်။ ထို့ကြောင့် ယနေ့ခေတ် မျိုးဆက်သစ်လူငယ်၊ လူရွယ်များအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့အနေဖြင့် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိမာန်ကို ဆက်လက်ရှင်သန်နိုးကြားလာစေရန် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက မြှင့်တင်ဖော်ဆောင်သွားနိုင်မည်ဖြစ်ပေသည်။

"မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်"သည် ယခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ဒုတိယရည်ရွယ်ချက်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးသည် အဓိကကျသော ဂုဏ်ဒြပ်တစ်ခုဖြစ်သည်။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ရှေးမြန်မာဘိုးဘေး၊ ဘီဘင်အစဉ်အဆက်မှ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြရာ မျက်မှောက်ကာလတွင်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ အမျိုးသားရေးတာဝန် ဖြစ်ပေသည်။

"မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရန်" သည် ယခုနှစ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ တတိယရည်ရွယ်ချက်ဖြစ်ပေသည်။ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စံရှိခဲ့သော မြန်မာ့သုခုမအနုပညာသည် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖြစ်ပေသည်။ ပညာရှင်တို့ ထိန်းသိမ်းထားခဲ့သော ရိုးရာတေးဂီတနှင့် အကပညာများစွမ်းရည်ကို မှတ်ကျောက်တင်ဖော်ပြမည့် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် အများပြည်သူ ပရိသတ်တို့၏ ရှေ့မှောက်၌ အကဲခတ်ခွင့်ရရှိကြတော့မည် ဖြစ်ပေသည်။

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ စတုတ္ထရည်ရွယ်ချက်မှာ **"မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်"**ဖြစ်ပေသည်။ ယနေ့ကာလတွင် အနောက်ပိုင်းယဉ်ကျေးမှုစရိုက်လက္ခဏာများသည် တစ်စထက်တစ်စ ထိုးဖောက်နေရာယူလျက်ရှိပေသည်။ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်အဖြစ် မှတ်ကျောက်တင်ခံနိုင်မည့် စရိုက်လက္ခဏာများကို မပျောက်ပျက်ရန် ထိန်းသိမ်းကာကွယ်ရေးသည် မဖြစ်မနေ လိုအပ်လှပေသည်။ ယင်းလိုအပ်ချက်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဖြင့် ပြုစုစောင့်ရှောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

လူငယ်ထု စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးသည် ယနေ့အချိန်အခါတွင် အရေးပါလှပေသည်။ လူငယ်ထုအတွင်း မှန်ကန်သော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ အတွေးအခေါ် အယူအဆ၊ အသိအမြင် မှန်ကန်နိုင်မည်ဖြစ်ပေသည်။ သို့အတွက် **"လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်"**သည် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ပဉ္စမရည်ရွယ်ချက်အဖြစ် ချမှတ်ဖော်ပြထားပါသည်။

အနောက်တိုင်း ယဉ်ကျေးမှုသည် ခေတ်ရေစီးကြောင်းနှင့်အတူ ရောနှောပါဝင်လာနေရာ ယင်းအချက်ကို ကာကွယ်တားဆီးကြရန် လိုအပ်ပေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အတွင်း အနောက်တိုင်း ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးအတွက် **"တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်"**ဟူသော ဆဋ္ဌမရည်ရွယ်ချက်က အလေးအနက် ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ပေသည်။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် ပြည်ထောင်စုကြီး၏ အနာဂတ်အရေးအတွက် တစည်းတလုံးတည်းသော စွမ်းအားကို ပြုစုပျိုးထောင်ပေးရာတွင် ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန် **"တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ပိုမိုခိုင်မာရှင်သန်လာစေရန်"** ဟူသော သတ္တမ ရည်ရွယ်ချက်က အလေးအနက် ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ပေသည်။

မြန်မာတို့သည် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို နှစ်ပေါင်းထောင်ချီ၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ နေထိုင်လာကြသူများ ဖြစ်ကြပေသည်။ ပုဂံခေတ်မှစ၍ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်အဆက်ဆက်မှ ယနေ့အထိ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို သမိုင်းပေးတာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပေသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးသည် အဓိကကျသော ဂုဏ်ဒြပ်တစ်ခုဖြစ်သည်။ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို ရှေးမြန်မာဘိုးဘေး၊ ဘီဘင်အစဉ်အဆက်မှ လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြရာ မျက်မှောက်ကာလတွင်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ အမျိုးသားရေးတာဝန် ဖြစ်ပေသည်။

သို့ဖြစ်လေရာ နိုင်ငံတော်အစိုးရက **နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာ ထာဝရမြင့်မားစေရန်၊ မြန်မာလူငယ်များ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို လေးစားမြတ်နိုးရန်၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွင် အစဉ်အလာကြီးမားသည့် မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများကို နားလည်လေးစားရန်၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မှုများ ဖြစ်ထွန်းလာစေရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုနှင့် ထွေးရောယှက်တင်ဖြစ်ပြီး မိမိယဉ်ကျေးမှု ယိုယွင်းပျောက်ပျက်မသွားစေရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်** စသည်တို့ကို အလေးထားဦးတည်လျက် နှစ်စဉ်မပြတ် ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ရန်ကုန် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာအုပ်စု နမ့်တွန်ကျေးရွာ ပညာဘဏ်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၁၅ရက် နံနက် ၈နာရီတွင် နမ့်တွန် အခြေခံပညာမူလတန်းကျောင်း၌ကျင်းပသည်။

အခမ်းအနားသို့ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် အဖွဲ့ဝင်များ၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာ ရပ်မိရပ်ဖများနှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

အစီအစဉ်အရ နမ့်တွန်ကျေးရွာ ပညာဘဏ် စာကြည့်တိုက်ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်နန်းအုန်းကြည်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးပန်တတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် စာကြည့်တိုက်အတွက် ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက မဂ္ဂဇင်းမျိုးစုံ အုပ် ၃၀၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတ/ ရသ စာအုပ်မျိုးစုံ အုပ် ၉၀နှင့် စာအုပ်အလှူရှင်များက မဂ္ဂဇင်း၊ဂျာနယ် မျိုးစုံ အုပ် ၁၀၀ တို့ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံက လက်ခံရယူသည်။

အလားတူပင်အဆိုပါနေ့တွင်နားလင်း၊ ဟိုကွန်၊ မအွန်လောင်းနှင့် တီဟာယိန်း ကျေးရွာတို့၌လည်း ကျေးရွာစာကြည့်တိုက်များကို ဖွင့်လှစ်ခဲ့ကြသည်။

အဆိုပါ စာကြည့်တိုက်များသို့ သုတ/ရသစာအုပ်မျိုးစုံနှင့် အလှူငွေများကို အလှူရှင်များက လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ခင်ပွန်း ဒုတိယရဲမှူးကြီး ဝင်းမောင်ထွန်းနှင့် သားဒုတိယရဲအုပ် (စခန်းမှူး) မောင်မောင်ဝင်းတို့အား ရည်စူး၍ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အောင်ဇေယျလမ်းသွယ်(၂)နေ ဒေါ်ခင်ဆင့်(ကျောင်းအုပ်ဆရာမ-ငြိမ်း)မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရပဒေသာပင် ကျပ် တစ်သိန်းငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။ (က-ပ)

ဗိုလ်တထောင်စေတီတော်၌ တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ၁၃၆၇ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက်၊ စက်တင်ဘာ ၂၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ သာကေတမြို့နယ် (၇) အနောက်ရပ်ကွက် အောင်ဇမ္ဗူကျော် ပရိယတ္တိတက္ကသိုလ်စာသင်တိုက် ပဓာနနာယက ဝါဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တကုသလကလည်းကောင်း၊ ယင်းနေ့ ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် သထုံမြို့နယ် လယ်ဝန်ကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၉-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ်**
°-The Gross Domestic Product.
(ပထမနှစ်-စီးပွားရေးပညာ)
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၀၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၂၀)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားရှင်" (အပိုင်း-၁၅)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဌာနချုပ်၊ ပညာရေးဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁၀)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲ တက်ရောက်သည့်သတင်း၊ သိန်းစိန် အမျိုးသားစာပေ(၁၉၆၅)၊ စန်းနီလာဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာလှမောင် (စီးပွားရေး)၊ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊ ကျော်ဇင်ညွန့် (တရားရုံးချုပ်ရှေ့နေ)၊ တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်တင်ခ၊ သိပ္ပံစိုးမြင့်နိုင်၊ ဖြူမာသန့်(မြို့နယ်ဦးစီးမှူး ပြန်/ဆက်)၊ H.K၊ အောင်ချိန်ဘွား တို့၏မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ မျိုးဇော်သိန်း၏ ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာ ဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ဘဏ်အစည်းအဝေး တက်ရောက်ရန် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အမေရိကန်သို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် အမေရိကန် ပြည်ထောင်စုနိုင်ငံ ဝါရှင်တန်ဒီစီတွင် စက်တင်ဘာ ၂၃ရက်မှ ၂၅ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဘဏ်နှင့် ယင်းလက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် အမေရိကန် ပြည်ထောင်စုနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်အတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဟန်စိုးတို့လည်း လိုက်ပါသွားသည်။ (သတင်းစဉ်)

အမွေ

(၁)

☆ ရိုးရာကိုမြှင့်၊ စင်မြင့်သဘင်
ဆင်ယင်ကျင်းပ၊ ဆို၊က၊ရေး၊တီး
ပွဲတော်ကြီးသည်၊ ခရီးပေါက်မြောက်
ရောက်ခဲ့ဆယ့်သုံးနှစ်၊ ရှန်းသစ်လင်းပြက်
မျိုးဆက်အမွေ၊ ပေးဝေလက်ကမ်း
ပွင့်သစ်ပန်းတို့၊ လန်းဆန်းအလှ
ရှုမောစွပင်၊ မွေးမြူသင်းထုံ
ရောင်စုံရောယှက်၊ ပွင့်ခက်ပွင့်လက်
ပင်စည်ထက်တွင်၊ မက်မောဖွယ်ရာ
အလှဖြာသို့၊ မြန်မာအက
ဂုဏ်တင့်စွ။

(၂)

☆ မြန်မာ့ဇာတ်သဘင်၊ အလျဉ်စီးဆင်း
မယွင်းမပျက်၊ ရှင်သန်လျက်ပင်
ဇာတ်ကွက်ဇာတ်လမ်း၊ အလွမ်းအသော
အပြောအဆို၊ အငိုအရှိုက်
စရိုက်သဘာဝ၊ အကယုတ္တိ
ရင်ကိုထိပြီး၊ ပွဲကြည့်သူအား
ဖမ်းစားညို့ငင်၊ ဇာတ်လမ်းဆင်၍
သဘင်တစ်ခေတ်၊ ဖြစ်ထွန်းသစ်ခဲ့
ပြည်သူချစ်သောအနုပညာ။

(၃)

☆ ပြောရပါလျှင်၊ သဘင်စင်မြင့်
မျိုးဂုဏ်တင့်ခဲ့၊ အဆင့်ဆင့်ပြောင်း
အဟောင်းထဲမှာ၊ အကောင်းရှာခဲ့
စဉ်လာကိုချစ်၊ ထုဆစ်မွမ်းမံ
အသစ်ဖန်တီး၊ ကြီးမားတန်ဖိုး
မျိုးရိုးဇာတိ၊ အမှန်ရှိသော
မိခင်အနုပညာ၊ ဆက်ခံလာခဲ့
ကမ္ဘာတည်မျှ၊ ရှည်ကြာရမည်
မြန်မာ့အမွေ၊ ခိုင်ခံ့နေဆဲ
ဒို့ဇာတ်ပွဲ။ ။

[တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဂုဏ်ပြုလျက်....]

ကေတုနီလာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၀၅ (သောကြာနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀ ဒေသရောအစားအစာ ပုသိမ်ဟာလဝါ
၇း၂၀ တေးဂီတအစီအစဉ်
၇း၂၅ ပြည်တွင်းသတင်းအကျဉ်း
၇း၃၀ FIFA World Sport (ပထမပိုင်း)
၇း၅၅ တေးဂီတအစီအစဉ်
၈း၀၀ ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်)
၈း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅ အနုပညာကြယ်ပွင့်များနှင့်တွေ့ဆုံခြင်း (ဆုန်သင်းပါရ်နှင့်တွေ့ဆုံခြင်း)
၉း၀၀ မိုးလေဝသခန့်မှန်းချက်
၉း၀၅ ရှားပါးသောရေချိုရေနံစပ်မိကျောင်းများ(အပိုင်း-၂)
၉း၁၀ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုအားကစားအဖွဲ့ချုပ်များ၏ကြိုတင်ပြင်ဆင်မှုများ(သိုင်း)
၉း၃၅ တေးဂီတအစီအစဉ်
၉း၄၀ ပြည်တွင်းသတင်းအကျဉ်း
၉း၄၅ Say It in English
၁၀း၀၀ တေးဂီတအစီအစဉ်
၁၀း၀၅ Management Talk(2) [ဦးအေးကျော်(MHR)၊ ဦးမျိုးမြတ်သူ]
၁၀း၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅ တေးဂီတအစီအစဉ်
၁၀း၅၀ သံချည်သံကွေးအတတ်ပညာ (အပိုင်း-၂)
၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၂

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ ကျောင်းဟောင်းကျောင်းတိုက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၃၀၇)တွင် (၁၅)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းကို စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၄ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ရန်ကုန်မြို့ မဏိရတနာကျောင်း ဆရာတော် အရှင်ပဏ္ဍိတ(ဒွိပိဋကရေ) အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် တရားတော်များကို ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်လိုသူယောဂီများ စက်တင်ဘာ ၂၇ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးစီးပွားရေးဌာန (KOTRA) က ကြီးမှူးကျင်းပသည့် မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ကုမ္ပဏီ ၃၀ကျော်နှင့် ကိုရီးယားသမ္မတနိုင်ငံမှ ကုမ္ပဏီများက လျှပ်စစ်ဘရိတ်ကာများနှင့် အခြားလျှပ်စစ်ဆက်စပ်ပစ္စည်းများ၊ စိုက်ပျိုးရေးနှင့်အခြားလုပ်ငန်းသုံး(PVC)ပိုက်အမျိုးမျိုး၊ တုန်ခါမှု၊ အသံနှင့် ဆူညံမှု အဟန့်အတား အထောက်အကူပစ္စည်းများ၊ ရေပိုက်သန့်စင်ရေးတွင် အသုံးပြုသော စက်ပစ္စည်း၊ ကားဝန်ချီကိရိယာများ၊ ကရိန်းကားများ၊ အခြားဝန်ချီကားအမျိုးမျိုး၊ ဆီးအိတ်နှင့် အခြားမီးယပ်နှင့် သားဖွားသုံး ဆေးပစ္စည်းကိရိယာများ၊ စက်ပစ္စည်းသုံး မူလီနှင့်ဘုရ်ှအမျိုးမျိုး၊ ပို့ကုန်ဖြစ်သည့် မီးဖိုဆောင်နှင့် အိမ်ခန်းသုံး ပရိဘောဂပစ္စည်းများ၊ သွင်းကုန်ပရိဘောဂ ထုတ်လုပ်ရာတွင် အသုံးပြုသော PB နှင့် MDF ကုန်ကြမ်းပစ္စည်းများ စသည်တို့နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် လှိုင်မြစ်လမ်းနေ ဦးကြင်ရွှေ-ဒေါ်စောရှင်မိသားစုက အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ်မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ (၁) ဦးထွန်းမင်း၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးခင်မောင်ကြီး၊ ဦးတင်မောင်စန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၆ ခုနှစ်အပြီး ပြည်နယ်နှင့်တိုင်းအနှံ့ ထူထောင်မည် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပြည်နယ်လုံးကျွတ် ကျေးလက်စာကြည့်တိုက်များ ထူထောင်ပြီးစီး မကြာခင် မန္တလေးတိုင်းတွင် တိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ပြီးစီးမည်

ရန်ကုန် စက်တင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ခင်းကျင်းပြသထားသော နံရံကပ်ပိုစတာများ၊ မှတ်တမ်းဓာတ်ပုံများ၊ ဆောင်ပုဒ်များနှင့် စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပြုလုပ်သော စာအုပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာအုပ်လှူဒါန်းပွဲ

ထို့နောက် ဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာအုပ်လှူဒါန်းပွဲကို တက်ရောက်ချီးမြှင့်သည်။ အဆိုပါ စာအုပ်လှူဒါန်းပွဲသို့ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီး တင်ဌေး၊ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းနှင့် ရမည်းသင်း၊ ပျဉ်းမနား၊ လယ်ဝေး၊ ပျော်ဘွယ်နှင့် တပ်ကုန်းတို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက စာအုပ်စာတမ်းမျိုးစုံ ၁၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

စာအုပ် လှူဒါန်းပွဲတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ် စာစောင်နှင့် ရုပ်မြင်သံကြားစက်များကို လှူဒါန်းကြရာ အလှူရှင်များကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဝင်းက စာအုပ်စာတမ်းမျိုးစုံ ၃၀၀၀ ကိုလည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက စာအုပ်စာတမ်းမျိုးစုံ ၁၀၀၀ ကိုလည်းကောင်း၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဝင်းက စာအုပ်စာတမ်းမျိုးစုံ ၁၀၀၀ ကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအုပ်စု ဈေးကုန်းကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ SAKURA ရုပ်မြင်သံကြားစက်ကို အလှူရှင် ဦးသိန်းထွေး (မင်္ဂလာရုပ်) ကိုယ်စား ဦးမြင့်ကျော်ကလည်းကောင်း၊ ရေဇင်းကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ VICTOR ရုပ်မြင်သံကြားစက်ကို အလှူရှင် ဒုတိယရဲမှူး ချစ်စိန်ကလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံသည်။

ယင်းနောက် ဝန်ကြီးက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရသည် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဗဟုသုတမြင့်မားစေရေး အတွက်လည်း ကဏ္ဍပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဗဟုသုတတိုးပွားရေး

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ပြည်သူများဖြစ်ရာ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယင်းကျေးလက်နေပြည်သူများ ဗဟုသုတတိုးပွားစေရန် စာအုပ်စာတမ်းများနှင့် လက်လှမ်းမမီသကဲ့သို့ စာပေဖတ်ရှုသည့် အလေ့အထသည်လည်း နည်းပါးနေသေးသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ကျေးလက်ဒေသမှ ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း။

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၆ ခုနှစ်အပြီး ပြည်နယ်နှင့် တိုင်းအနှံ့ တည်ထောင်သွားမည်ဖြစ်ကြောင်း၊ ယနေ့အထိ တစ်ပြည်လုံး၌ ကျေးရွာစာကြည့်တိုက်ပေါင်း ၃၁၁၂ ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပြည်နယ်လုံးကျွတ် ကျေးလက်စာကြည့်တိုက်များ အောင်မြင်စွာ ထူထောင်ပြီးသွားပြီဖြစ်ကြောင်း၊ မကြာခင်ကာလအတွင်း မန္တလေးတိုင်းအတွင်း တိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင် ပြီးစီးတော့မည်ဖြစ်ကြောင်း၊ ဒေသအာဏာပိုင်များနှင့် စေတနာရှင် ပြည်သူများ၏ ပူးပေါင်းပါဝင်လာမှုကြောင့် ယခုကဲ့သို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ထူထောင်နိုင်ခြင်းဖြစ်၍ စေတနာရှင် ပုဂ္ဂိုလ်များနှင့် ဒေသအာဏာပိုင်များအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရမည်းသင်းခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများအနေဖြင့်လည်း မီဒီယာလုပ်ငန်းများကို သွက်လက်ထက်မြက်စွာ ဆောင်ရွက်ကြရေး၊ စေတနာထား၍ ပြန်ကြားရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ကြရေး၊ ကျေးရွာတိုင်း၌ စာကြည့်တိုက်များ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း အပြီးဖွင့်လှစ်နိုင်ရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ခင်းကျင်းပြသထားသော နံရံကပ်ပိုစတာများ၊ မှတ်တမ်းဓာတ်ပုံများ၊ ဆောင်ပုဒ်များနှင့် စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာ ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအကြောင်း သိကောင်းစရာ ဟောပြောပွဲကို စက်တင်ဘာ ၁၅ရက် မွန်းလွဲ ၂ နာရီတွင် ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ် အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဒေါ်ခိုင်မေဝင်းနှင့် ဒေါ်လှလှဝင်းတို့က ဆွေးနွေးဟောပြောကြသည်။

(က-ပ)

❐ ရန်ကုန်တိုင်းမှ

အားကစားသမားဆုရရှိသည့် တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံအသင်းမှ တပ်သားစိုးထက်အောင်အား လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က (ဂ)အဆင့် အကောင်းဆုံးလက်ဝှေ့အားကစားသမားဆုရရှိသည့် မင်္ဂလာဒုံတပ်နယ်အသင်းမှ ဒုတိယတပ်ကြပ် မျိုးလင်းကျော်အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြိုင်ပွဲ၌ စုစုပေါင်းရမှတ် အများဆုံးဖြင့် ပထမရရှိသည့် တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းနှင့် နယ်မြေလူထုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စဉ်ဆက်မပြတ် ဆောင်ရွက်နေ

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် စက်တင်ဘာ ၁၇ရက်တွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

လုပ်ငန်းများတင်ပြ

ထိုသို့တွေ့ဆုံရာတွင် မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဖနှင့် ကျောက်ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတိုက်အေးတို့က ဖွင့်လှစ်ခဲ့သော သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို တင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် အထွေထွေအတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် ဒို့တာဝန်အရေး သုံးပါးကိုခံယူ၍ ဦးတည်ချက်(၁၂)ရပ်နှင့်အညီ အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းဝင်များအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းနှင့် နယ်မြေလူထုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိနယ်မြေအတွက် အားထားရသော အသင်းဝင်များဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အလုပ်အမှုဆောင်များက ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို တင်ပြကြရာ အထွေထွေအတွင်းရေးမှူး ဝန်ကြီးက လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး စာကြည့်တိုက်အတွက် စာစောင်များကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့တွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၀၅ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆော့(ဒ်)ဘင် အယ်(လ်)ဖိုင်ဆယ် ဘင် အဗ္ဗဒူ(လ်) အာဇစ် အယ်လ်ဆော့(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

❀ နိုင်ငံတော်မှ

ကျောင်းသူလေးများအတွက် ဆန်များ၊ လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ သီလရှင်ဆရာကြီး ဒေါ်မေဒိနီက လက်ခံ၍ ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မိဘမဲ့ အမျိုးသမီးလေးများအား အမျိုးသမီးရေးရာအဖွဲ့ဝင်များက စေတနာဖြင့် ပညာဒါနပြု၍ စာသင်ကြားပေးနေမှု၊ အမျိုးသမီးရေးရာအဖွဲ့ဝင် အမျိုးသမီးဆရာဝန်များက ကျန်းမာရေး စစ်ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးကြပြီး ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။

ကျန်းမာရေး စောင့်ရှောက်မှုများအတွက် ဆေးဝါးထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းသား၊ ကျောင်းသူလေးများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ လဲဘူးစံပြကျေးရွာ လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မဂ္ဂဇင်းနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော် ခေါင်းဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် လဲဘူးစံပြကျေးရွာရှိ အမျိုးသမီးများ၊ ရပ်မိရပ်ဖများသည် လဲဘူးစံပြကျေးရွာ ဒေသဖွံ့ဖြိုးရေး၊ အမျိုးသမီးထု၏ ဘဝ နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ခရမ်းတိုက်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ကျေးရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို မေးမြန်းကာ လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး၍ ကျန်းမာရေး စောင့်ရှောက်မှု ခံယူနေသော သက်ကြီးဘိုးဘွားများအား ဆေးဝါးနှင့် အစားအာဟာရများကို ပေးအပ်လှူဒါန်းကြပြီး တိုက်နယ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူဝင်း ဦးဆောင်သည့်အဖွဲ့က ကျေးရွာအတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်မှုဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ငွေပဒေသာပင်စိုက်ထူ

ဆက်လက်၍ ကျေးရွာ ရပ်ရွာပညာပဒေသာဌာန၌ အမျိုးသမီးလေးများအား စက်ချုပ်ပညာ သင်ကြားပေးနေမှု၊ ဇာထိုးပန်းထိုးပညာ သင်ကြားပေးနေမှုနှင့် အခြားလက်မှုလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေမှုများကို ကြည့်ရှုအားပေးပြီး ငွေပဒေသာပင် စိုက်ထူပေးခဲ့ကြသည်။

ယင်းနောက် မြတ်လေးရဲ ကျေးလက်စာကြည့်တိုက်သို့ ရောက်ရှိပြီး ကျေးလက်စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသ စည်းရုံးရေးမှူး၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များသည် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင် အမျိုးသမီးလေးများနှင့် ကျေးရွာ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျေးရွာဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ကျေးရွာပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်မှု အခန်းကဏ္ဍများကို စကားဝိုင်းများဖွဲ့ကာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

လယ်တီ ၁၀ရက် တရားစခန်းများ ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၂

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်၊ အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက မြောက်ဥက္ကလာပ (ဆ)ရပ်ကွက် ရတနာသိင်္ဂီဈေးပတ်လမ်း အမှတ်(၁၁၆) ချမ်းမြေ့မွေ့ရာဆိုင်တွင် အောက်တိုဘာ ၁ရက်မှ ၁၀ရက်အထိလည်းကောင်း၊ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယလွှာတွင် အောက်တိုဘာ ၁၅ရက်မှ ၂၄ရက်အထိလည်းကောင်း တရားစခန်းများကို နေ့စဉ် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီထိ ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူးတိုင်း ဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေသင်း၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်နှင့် အဖွဲ့ဝင်များ ပဲခူးတိုင်း သနပ်ပင်မြို့နယ် ခရမ်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ယင်းနောက် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် တောင်ငူမြို့နယ် လဲဘူးစံပြကျေးရွာသို့ ရောက်ရှိကြပြီး လဲဘူးစံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာန၌ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက လဲဘူးစံပြကျေးရွာရှိ အမျိုးသမီးလေးများအား စက်ချုပ်ပညာ သင်ကြားပေးနေမှုနှင့် ဇာထိုးပန်းထိုး သင်ကြားပေးနေမှုများ၊ ကျေးလက်ကျန်းမာရေးဌာန၌ ကျေးရွာပြည်သူများအား ကျန်းမာရေးစစ်ဆေးနေမှုများကို ကြည့်ရှုအားပေးကာ မြှင့်တင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ စကားဝိုင်းများဖွဲ့ကာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသ စည်းရုံးရေးမှူးနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် သနပ်ပင်မြို့နယ် ခရမ်းစံပြကျေးရွာသို့ သွားရောက်ကြပြီး ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်များ

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော် ခေါင်းဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် လဲဘူးစံပြကျေးရွာရှိ အမျိုးသမီးများ၊ ရပ်မိရပ်ဖများ ဒေသဖွံ့ဖြိုးရေး၊ အမျိုးသမီးထု၏ ဘဝမြှင့်တင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများနှင့် စပ်လျဉ်း၍ စကားဝိုင်းဖွဲ့ကာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူးတိုင်း ဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေသင်း၊ ပဲခူးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်နှင့် အဖွဲ့ဝင်များ တောင်ငူမြို့ လဲဘူးစံပြကျေးရွာ လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မဂ္ဂဇင်းနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အကပြိုင်ပွဲ
- ၈:၀၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၈:၁၀ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ ဂမုန်းရေလျှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ English for Everyday Use.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒ၊သတ္တဗေဒ အထူးပြုများ) (ဓာတုဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၁၅ ၆။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ဓမ္မပူဇာတေး) (ပညာရှင်အဆင့်) (အမျိုးသမီး)**
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၆:၀၀ ၉။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ" (အပိုင်း-၂၀)**
- ၇:၄၀ ၁၃။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ" (အပိုင်း-၁၄)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ၂၀၀၅ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ၂၀၀၅ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တိုင်း၊ခရိုင်၊မြို့နယ် အသင်း အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အသင်းဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များကအသင်းအတွက် ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံသည်။

ရုပ်သိမ်း

ထို့နောက် တစ်နှစ်တာ ကာလအတွင်း ဖွင့်လှစ်ခဲ့သော မြို့နယ်သင်တန်း၌ ဘက်စုံထူးချွန်ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသည့် အထက်တန်းကျောင်း ငါးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ အဆိုပြုလွှာ ပေးအပ်ခြင်း၊ မြို့နယ် အလုပ်အမှုဆောင်အဖွဲ့က ရေးရာအလိုက် အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခြင်း၊ ကိုယ်စားလှယ်များက ပြန်လည်အကြံပြုဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်၊ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခြင်းများဆောင်ရွက်ပြီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်ဆုတောင်းပြည့် စေတီတော်ကြီး၏ ဗုဒ္ဓဟူးသန့်ရှင်းရေးအသင်း အကြိမ်(၃၀)မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၈ရက်က ကျင်းပရာ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် တိပိဋကဓရ ဘဒ္ဒန္တ သုန္ဒရထံ အကယ်ဒမီ ဒေါ်စံရှားတင်နှင့် ဥက္ကဋ္ဌ ဒေါ်မိမိခင်တို့က သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် သာသနာ့ ရက္ခိတ ဆွမ်းလောင်းအသင်းမှ အင်္ဂါနေ့ နံနက်တိုင်း သံဃာတော်များအား အရုဏ်ဆွမ်း လောင်းလှူလျက်ရှိရာ စက်တင်ဘာ ၂၀ ရက်က ၁၂ နှစ်ဆက်တိုက်အလှူရှင် ဦးမောင်မောင်–ဒေါ်စန်းစန်း (အန်တီစန်းအထည်ဆိုင်) မိသားစုက လောင်းလှူစဉ်။

(က–ပ)



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်အား Save the Children UK(SC-UK) External Evaluator, Ms.Asmita Naik **နှင့်** Regional Cross-Border Project Coordinator Ms.Edelweiss Silan **တို့ လာရောက်တွေ့ဆုံကြစဉ်။**

(အမျိုးသမီးရေးရာအဖွဲ့ချုပ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအား SC-UK မှ ဧည့်သည်များ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်အား Save the Children UK(SC-UK) External Evaluator, Ms. Asmita Naik **နှင့်** Regional Cross-Border Project Coordinator. Ms. Edelweiss Silan **တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး ဧည့်ခန်းသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်မာထွန်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုး၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးနှင့် ဒုတိယခေါင်းဆောင်၊ အဖွဲ့ခွဲခေါင်းဆောင်များနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသော ၂၀၀၅–၂၀၀၆ ခုနှစ်ဘောလုံးရာသီ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်း၌ ဆက်လက် ကျင်းပသည်။

ယှဉ်ပြိုင်ကစား

ပြိုင်ပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းနှင့် VIVA အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

မြန်မာ–မလေးရှားချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဒုတိယနေ့ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာ–မလေးရှားချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်ကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ)တွင် ဆက်လက် ကျင်းပရာ ဖိတ်ကြားထားသူများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဒုတိယနေ့ပြိုင်ပွဲ၏ DOUBLE REGU ပြိုင်ပွဲ၌ မြန်မာအသင်းက မလေးရှားအသင်းကို ၂၁–၁၉ မှတ်၊ ၂၁–၁၆ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

REGU EVENT ပြိုင်ပွဲ၏ ပထမပွဲစဉ်၌ မလေးရှားအသင်းက မြန်မာအသင်းကို ၁၅–၂၁ မှတ်၊ ၂၁–၁၈ မှတ်၊ ၁၅–၁၀ မှတ်ဖြင့် အနိုင်ရရှိသွားပြီး ဒုတိယပွဲစဉ်တွင် မြန်မာအသင်းက မလေးရှားအသင်းကို ၂၂–၂၀မှတ်၊ ၂၁–၁၇ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

(ကြေးမုံ)

ပိတ်ဆို့ကာကွယ်

အမျိုးသားသုံးယောက်တွဲ Regu ပြိုင်ပွဲတွင် မလေးရှားအသင်း၏ ရိုက်ခုတ်ချက်ကို မြန်မာအသင်း ပိတ်ဆို့ ကာကွယ်စဉ်။ (ကြေးမုံ)

အမျိုးသားရေးဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန် နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၂၂

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ၏ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၅ ခုနှစ်အတွက် (၁၆)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသောခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"**ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀ x ၁၂ လက်မ(သို့မဟုတ်) ၁၀ x ၁၄ လက်မထက် မငယ်သောအရွယ်အစား(Print) ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပဓာတ်ပုံ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့် ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ (Caption)အပြည့်အစုံပါရှိရမည်ဖြစ်သည်။ ဓာတ်ပုံများပေးပို့ရာတွင် ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ဆုချီးမြှင့်

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းထွန်း ဒုတိယညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂/၂၄)ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၅ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင်ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏အမည်ကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဧရာဝတီမြစ်ဖြတ် ဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်း ကြည့်ရှု ဓာတ်မြေသြဇာစက်ရုံ ဝန်ထမ်းများအားတွေ့ဆုံပြီး ဓာတ်မြေသြဇာတိုးတက်ထုတ်လုပ်ရေးမှာကြား

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ သရက်မြို့နယ် ထုံးတောင်ကျေးရွာအနီး စီမံကိန်း လုပ်ငန်းခွင်တွင် ရုံးဆိပ်-သရက် (၆)လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းကို ဧရာဝတီမြစ်ဖြတ် ဆက်သွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရန်ကုန် စက်တင်ဘာ ၂၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း အောင်လံမြို့နယ် ရုံးဆိပ်ရွာအနီးရှိ ရုံးဆိပ်-သရက် (၆)လက်မ ဧရာဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဝန်ကြီးသည် ရုံးဆိပ်ရွာအနီးရှိ မြစ်အရှေ့ဘက်ကမ်းသို့ ရေယာဉ်ဖြင့်သွားရောက်ပြီး မြစ်ကြမ်းပြင်အား ပိုက်လိုင်းလမ်းကြောင်းဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးအား လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ(ပိုက်လိုင်း) ဦးသန်းထွတ်က မြစ်ဖြတ်ပိုက်လိုင်းဆွဲရန် ဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်ရေး) ဦးအုန်းမြင့်က သဘာဝဓာတ်ငွေ့ ထိန်းချုပ်စခန်း တည်ဆောက်မည့် အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ပိုက်လိုင်း ဂဟေဆော်ဆက်သွယ်ခြင်း၊ ခံနိုင်ရည်ဖိအား စမ်းသပ်ခြင်း စသည့် နည်းပညာပိုင်းဆိုင်ရာများကို ပိုမိုသေချာအောင် ဂရုတစိုက်ဆောင်ရွက်သွားကြရန် မှာကြားပြီး ပိုက်လိုင်း ဂဟေဆော်ဆက်သွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ အကြီးစား စက်ယာဉ်ယန္တရားများ၊ ရေယာဉ်များဖြင့် မြစ်ဖြတ်ပိုက်လိုင်းဆွဲရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းတွင် ရုံးဆိပ်-သရက် (၆) လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ဧရာဝတီမြစ်ကို ဖြတ်သန်းဆက်သွယ်ရန် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် သရက်မြို့နယ် ထုံးတောင်ကျေးရွာအနီး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကာ မြစ်ဖြတ်ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းကို အနီးကပ်ကြီးကြပ်ပြီး ပိုက်လိုင်း အချိန်မီ အောင်မြင်စွာ ဆက်သွယ်နိုင်ရေး၊ လုပ်ငန်းခွင်ထိခိုက်မှုအန္တရာယ် ကင်းရှင်းစေရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း အောင်လံမြို့နယ်ရှိ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)သို့ ရောက်ရှိပြီး စက်ရုံစုဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ဝန်ကြီးအား စက်ရုံမှူး ဦးလှသောင်းက ဓာတ်မြေသြဇာထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု အခြေအနေများကို လည်းကောင်း၊ ဒုတိယစက်ရုံမှူး ဦးစောထွန်းက စက်ရုံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဓာတ်မြေသြဇာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်က နိုင်ငံခြားငွေ အကုန်အကျခံပြီး အကြီးစား ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ စက်ရုံ၏ စက်ပစ္စည်း အစိတ်အပိုင်းများကိုလည်း နည်းပညာပိုင်းအရ ပိုမိုသေချာအောင် ဂရုတစိုက်ကိုင်တွယ် အသုံးပြုကြရန် လိုအပ်ကြောင်း၊ ဓာတ်မြေသြဇာ အထွက်တိုးရေးသည် နိုင်ငံတော်အတွက် အရေးကြီးသဖြင့် မိမိတို့၏ အတတ်ပညာ၊ အတွေ့အကြုံတို့ဖြင့် ဓာတ်မြေသြဇာ အစွမ်းကုန် တိုးတက်ထုတ်လုပ်နိုင်ရေး ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးစားဆောင်ရွက်သွားကြရန်တို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံ ပင်မထိန်းချုပ်ခန်းသို့ သွားရောက်ပြီး စက်ရုံလည်ပတ်နေမှု အခြေအနေနှင့် ဓာတ်မြေသြဇာ ထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ပြည့်မီစွာရရှိရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ဓာတ်မြေသြဇာ သိုလှောင်ဖြန့်ဖြူးရေးဌာနသို့သွားရောက်ပြီး ပြည်နယ်၊ တိုင်းများသို့ ဖြန့်ဖြူးမည့် ဓာတ်မြေသြဇာအိတ်များ သိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးမှု အခြေအနေကို လည်းကောင်း၊ ထုတ်လုပ်ပြီး ဓာတ်မြေသြဇာများအား အိတ်သွတ်ထုပ်ပိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့် နေမျိုးသူရလမ်း တိုက် (၄/အေ) နေ အဘိုးအဘွားများဖြစ်ကြသော (ဒုတိယဗိုလ်မှူးကြီး သာထွန်းဦး-ဒေါ်ခင်ရီ)အား ရည်စူး၍ မြေးများဖြစ်ကြသော ဗိုလ်ပြည့်ဖြိုးဝေနှင့် ညီမ မဆုမွန်ပိုင်တို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၂

ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ကမ်းရိုးတန်း ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းအောင်က ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေကျပ် ၄၁၀၀၀၀ နှင့် ကျပ်ငွေ ၅၂၂၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၁၃၅၀ အုပ်ကို ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ်ပြန်/ဆက်)

ပုလောမြို့နယ် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းထွန်းသို့ မြို့နယ်ပညာရေးမှူး ဦးဖေဝေးက ပညာရေးဌာနမှ လှူဒါန်းငွေ ကျပ်တစ်သိန်းကို လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

စက်တင်ဘာ ၁၉ ရက်က စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းသူ၊ ကျောင်းသားလေးများအတွက် ကျော်ပိုးအိတ် ၂၅ လုံးကို အလှူရှင် ဦးခင်ဇော်-ဒေါ်စုစုလှိုင်နှင့် မမေသဇင်တို့က လှူဒါန်းပြီး ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးအစီအစဉ်အရ အာဟာရ ကျွေးမွေးစဉ်။ (ပညာရေး)

အာရုံခံတန်ဆောင်းအတွက် လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၂

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက် သမိုင်းဝင်ဆုတောင်းပြည့် စိန္တာမုနိစေတီကြီး ပရိဝုဏ်အတွင်း ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ အင်းစိန်က ကြီးမှူး၍ အလျား ၅၄ ပေ၊ အနံ ၂၇ပေ၊ အမြင့် ၁၈ပေရှိ၊ ၉၉၀၀ တန်ဆောင်းကြီး ဆောက်လုပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် သုံးပေပတ်လည် တစ်ခန်း ကျပ် ၉၉၀၀ (တစ်လ ကျပ် ၁၁၀၀ ကိုးကြိမ်ခွဲ၍) စဉ့်ကူ ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ ဖုန်း-၀၂-၆၇၃၇၄၊ ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း) ဖုန်း-၀၁-၆၄၀၄၈၇၊ ဦးဘိုကြည် ဥက္ကဋ္ဌ၊ ဆီမီး ၉၉၀၀အဖွဲ့ စုပေါင်းရုံးဝင်း အင်းစိန်၊ ဒေါ်အမာဆွေ ဘဏ္ဍာရေးမှူး ဖုန်း-၀၁-၆၄၁၅၅၁၊ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွန့်(စိုင်းဘုန်းထူး ဗီဒီယို၊ ဓာတ်ပုံစတူဒီယို) ဖုန်း-၀၁-၂၉၂၆၄၄၊ ဦးအောင်သောင်း (ဥက္ကဋ္ဌ စဉ့်ကူ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)၊ ညောင်ဦးမြို့နယ်နှင့် ဦးလှမော် ဥက္ကဋ္ဌ စေတီကြီးဂေါပကအဖွဲ့၊ မြို့ကုန်းရပ်၊ စဉ့်ကူ၊ ညောင်ဦးမြို့နယ်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

(၆၁)

ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပညာရည်ချွန် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးနှင့် အထက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရ ဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပညာရည်ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ ဝန်ထမ်းများ၏ သားသမီးများသည် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင်လေးဘာသာဂုဏ်ထူးနှင့်အထက်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ချီးမြှင့်ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ ၂၀၀၄-၂၀၀၅ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် တစ်ဘာသာဂုဏ်ထူးမှ ခြောက်ဘာသာဂုဏ်ထူးအထိ ထူးချွန်စွာ အောင်မြင်ခဲ့ကြသူ ၁၃၅ဦး ရှိပြီး ယင်းအထဲမှ လေးဘာသာဂုဏ်ထူးရှင် ၁၅ဦး၊ ငါးဘာသာဂုဏ်ထူးရှင်ခုနစ်ဦးနှင့် ခြောက်ဘာသာ ဂုဏ်ထူးရှင်လေးဦးတို့အားဌာနကဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ ယနေ့ ဂုဏ်ပြုချီးမြှင့်ခံရသော သားငယ်သမီးငယ်များသည် တက္ကသိုလ်ဝင်စာမေးပွဲဆိုသည့် ဘဝ၏တစ်ဆစ်ချိုးလှေကားထစ်ကို ထူးချွန်စွာ တက်လှမ်းနိုင်ခဲ့သည်ဖြစ်၍ နောင်တစ်ချိန် နိုင်ငံတော်အတွက် ပခုံးပြောင်းတာဝန်ထမ်းဆောင်နိုင်မည့် သားကောင်းသမီးကောင်းများ၊ အနာဂတ်၏ သားကောင်းရတနာများ ဖြစ်အောင် ဆက်လက် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူလေးဦးအား လည်းကောင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ လေးဦးအား လည်းကောင်း၊ ဒုတိယဝန်ကြီးဦးဖေသန်းကငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူသုံးဦးအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင်တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၁၅ဦးအား ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းအောင်၊ ဗဟိုပို့ဆောင် ဆက်သွယ်ရေး ကျောင်းကျောင်းအုပ်ကြီး ဦးသိန်းဆွေတို့က အသီးသီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ပညာရည် ထူးချွန်စွာဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ဇာနည်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ၂၀၀၄-၂၀၀၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ရထား)

ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး အမျိုးသားကျန်းမာရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့

ရန်ကုန် စက်တင်ဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၀၁-၂၀၀၆) စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှု သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင်ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel , Ball Room-1 ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၀၁-၂၀၀၆) စီမံကိန်း ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှု သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ အမျိုးသားကျန်းမာရေးစီမံကိန်း ညွှန်ကြားရေးမှူးများ၊ စီမံချက်မန်နေဂျာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရနှင့် အမျိုးသားကျန်းမာရေး ကော်မတီတို့၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် အမျိုးသားကျန်းမာရေး စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၀၁-၂၀၀၆) စီမံကိန်းကာလ၏ နောက်ဆုံးဌာန၏ ရည်မှန်းချက်နှစ်ရပ်နှင့် နည်းဗျူဟာ သုံးရပ်ချမှတ်ပြီး ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအတွက် ရောဂါကြိုတင် ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေး၊ ရောဂါကုသရေးနှင့် ကျန်းမာမှု ပြန်လည်ထူထောင်ရေး စသည့် ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု (Comprehensive Health Care) ကို တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင် မိမိတို့မှာရှိသည့် လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အားတို့ကို အကောင်းဆုံး၊ အထိရောက်ဆုံး၊ အကျိုးဖြစ်ထွန်းမှု အများဆုံးဖြစ်အောင် စီမံဆောင်ရွက်နိုင်ရန် နှစ်(၃၀)နှစ်ရှည်ကျန်းမာရေးနှစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေး မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးစီမံကိန်း၊ အမျိုးသား ကျန်းမာရေးစီမံကိန်း၊ အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်း၊ ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ပြည်သူ့ဆေးရုံများအဆင့်မြှင့်တင်ရေးစီမံကိန်းစသော ကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ကြောင်း။

အခိုင်အမာဖွဲ့စည်း

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Health Care System)ကို မူဝါဒရည်မှန်းချက်များ၊ မဟာဗျူဟာများ၊ စီမံကိန်းများ၊ ဖွဲ့စည်းတည်ဆောက်မှုများဖြင့် အခိုင်အမာဖွဲ့စည်းပြီး လုပ်ငန်းများကိုစနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း။

ယနေ့ကျင်းပသည့် သုံးသပ်ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ အမျိုးသားကျန်းမာရေး စီမံကိန်း (၂၀၀၁-၂၀၀၆) ပါစီမံချက်များ၏ ရည်မှန်းချက်၊ လျာထားချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ အားသာချက်၊အားနည်းချက်များနှင့် ဖြည့်ဆည်းပေါင်းစပ်ပေးရန် လိုအပ်ချက်များကို ဖော်ထုတ်ဆွေးနွေးရန်ဖြစ်ကြောင်း။

အခြေခံအုတ်မြစ်

ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် ရလဒ်များနှင့် ထောက်ခံအကြံပြုချက်များသည် ဆက်လက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်မည့် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၀၆-၂၀၁၁) အတွက် အခြေခံအုတ်မြစ်ပင် ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် အရေးပါသည့် ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးကို ရှေးရှုပြီး ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် တိုက်တွန်းကြောင်းဖြင့်ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သတိ

၁။ ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)တို့ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ပစ်လွှတ်သည့်နေရာမှ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ဖောက်လျှင် ထောင်ဒဏ်(၃)နှစ်။

(ခ) ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)ရောင်းလျှင်၊ ထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာဆုပေးမည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ် စက်တင်ဘာလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၂၅-၉-၂၀၀၅ရက်နေ့

၂၀၀၅ခုနှစ် အောက်တိုဘာလအတွက်

(၉-၁၀-၂၀၀၅)ရက်နေ့

နှင့်

(၃၀-၁၀-၂၀၀၅)ရက်နေ့

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် အခြေခံစည်းရုံးရေးသင်တန်းဆင်းပွဲ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့နံနက် ၉နာရီတွင် ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုချီးမြှင့်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးထင်ဝင်းက လက်ခံရယူသည်။ ယင်းနောက် အရှေ့ပိုင်းခရိုင်အလုပ်အမှုဆောင်ဦးစိန်မြင့်က သင်တန်းဆင်းလက်မှတ်များပေးအပ်၍ မြို့နယ်အလုပ်အမှုဆောင် ဦးလှသိန်းက သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သစ်တောရေးရာ)

၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီနာယက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် သီလရှင်လေးများဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းနှင့် ဆေးဝါးများပေးအပ်လှူဒါန်းရာ ဂေဟာမှူး **Sister Clare** က လက်ခံရယူစဉ်။ (လူမှုဝန်ထမ်း)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြု သီလရှင်လေးများ ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၅ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့" ကို ဂုဏ်ပြုသောအားဖြင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့် ဆေးဝါးများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်းထောင့်ရှိ သီလရှင်လေးများဘိုးဘွားရိပ်သာ ညှော်ခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီနာယက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သီလရှင်လေးများ ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းနှင့်ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ သီလရှင်လေးများ ဘိုးဘွားရိပ်သာမှ ဂေဟာမှူး Sister Clare က လက်ခံ၍ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေး ကော်မတီနာယက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းခိုင်နှင့် ကော်မတီဝင်များသည် သီလရှင်လေးများ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ မိတ္ထီလာ၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၉ရက် နံနက် ၈နာရီတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင် လေတပ်စခန်း အားကစားကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲသို့ လေကြောင်းအတတ်သင် လေတပ်စခန်းနှင့် မြေပြင်အတတ်သင် လေတပ်စခန်းတို့မှ အရာရှိ၊ စစ်သည်များ၊ မိတ္ထီလာတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မလွှန်ဆန်လှူသင်းထောက်အဖွဲ့ဝင်များ စုပေါင်းလှူဒါန်းငွေ ကျပ် ၂၁သိန်းရှစ်သောင်းကျော်ကို ဒုတိယဥက္ကဋ္ဌ ဦးစိုးအောင်က မန္တလေးမြို့ မလွှန်ဈေးဆန်လှူအသင်းကြီး၏ ၁၃၆၇ ခုနှစ် (၁၀၉)နှစ်မြောက် ဆွမ်းဆန်တော်အလှူပွဲတွင် ဥက္ကဋ္ဌ ဦးမောင်မောင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၂

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရေးအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ပြိုင်ပွဲများယှဉ်ပြိုင်ရန်နှင့် ကိုရီးယားလက်ရွေးစင်များနှင့် ပူးပေါင်းလေ့ကျင့်မှုများပြုလုပ်နိုင်ရေးအတွက် အားကစားသမားစုစုပေါင်း ၁၅ ဦး ပါဝင်သော မြန်မာ့ လက်ရွေးစင်တိုက်ကွမ်ဒိုအသင်းသည် ဇူလိုင်၁၉ရက်မှ စက်တင်ဘာ ၁၉ရက်အထိ ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

အဆိုပါ အသင်းသည် ဇူလိုင်၂၄ရက်မှ ၂၈ရက်အထိ ကျင်းပသည့် ယန်ယန်းဖိတ်ခေါ်ပြိုင်ပွဲ၌ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် ငါးခု ရရှိ၍ စက်တင်ဘာ၅ရက်မှ ၈ရက်အထိ ကျင်းပသော ကိုရီးယားအလွတ်တန်း ချန်ပီယံပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု ရရှိကာ စုစုပေါင်း ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ်ငါးခု ရရှိခဲ့သည်။

ထို့အပြင် ဩဂုတ်၃ရက်မှစတင်၍ ကိုရီးယားသမ္မတနိုင်ငံ၌ အာရှနိုင်ငံများမှ နိုင်ငံတကာ လက်ရွေးစင်အဆင့် အားကစားသမားများနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ ယင်းအသင်းသည် စက်တင်ဘာ ၁၉ ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ကြိုဆိုကြသည်။ (သတင်းစဉ်)

အထက ဇလွန် အာစရိယ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

ဇလွန်မြို့အခြေခံပညာအထက်တန်းကျောင်းမှ အငြိမ်းစားယူသွားကြပြီး ဇလွန်မြို့နယ်အတွင်း နေထိုင်ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၅ရက်(ကမ္ဘာ့ဆရာများနေ့) ညနေ ၄ နာရီတွင် အထက ဇလွန်၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဒေါ်ဘီဘီအောင်(ကျောင်းအုပ်ဆရာမကြီး)အထက ဇလွန်၊ ဦးသန်းကျော်ငွေ (မြို့နယ်စာရင်းရုံး၊ ဇလွန်မြို့)၊ ဦးကျော်ငွေ (သမ္မတသက်န်းတိုက်) ဗိုလ်ချုပ်လမ်း၊ ဇလွန်မြို့နှင့် ဦးစိုးပိုင် (လှဒေဝီထမင်းဆိုင်)ဘုရားကြီးရှေ့၊ ဇလွန်မြို့၊ ဖုန်း-၀၄၄ ၇၀၂၂၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၃၅၀)

အနောက်တောင်မုတ်သုံလေ မြစ်ဝကျွန်းပေါ်ဒေသမှဆုတ်ခွာနိုင်

ရန်ကုန် စက်တင်ဘာ ၂၂

လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ရန်ကုန်တိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်ရှိနေသည်။

စက်တင်ဘာ ၂၃ရက်နေ့ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံ လေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာသွားနိုင်သည်။

ကွယ်လွန်သူ ဦးမြင့်ဆွေအားရည်စူး၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင်(၂)လမ်းနေ ဇနီး၊ သား၊ သမီးများက ဗဟန်းမြို့နယ် ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် သုဝဏ္ဏ ပေါ်ဆန်းမွှေးလမ်း ဓနအောင်လမ်းသွယ်နေ ဒေါက်တာဒေါ်မေသွင် [ကထိက(ငြိမ်း) ဆေး(၁) သားဖွားမီးယပ်ဆရာဝန်ကြီး] နှင့် တပည့်ဆရာဝန်များက ငွေကျပ်သုံးသိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကနောင်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၂

ကနောင်အသင်း (ရန်ကုန်)၏ (၇၅)နှစ်နှင့်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၄-၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် နာယက ဦးလှဝင်း ဖုန်း-၂၄၂၄၈၆၊ ဥက္ကဋ္ဌ ဦးစိုးထွေး ဖုန်း-၂၉၆၃၇၂၊ အတွင်းရေးမှူးဦးချစ်ထွေး ဖုန်း-၂၈၅၁၂၉၊ ဘဏ္ဍာရေးမှူး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငွေ ဖုန်း-၂၄၇၆၇၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး ပထမရသည့်အသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၂

၂၀၀၅ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ လက်ဝှေ့အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်တို့သည် ဗိုလ်လုပွဲ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တာဝန်ရှိသူများက ပွဲစဉ်များအလိုက် ပထမနှင့် ဒုတိယရရှိကြသည့် အားကစားသမားများအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် လက်ဝှေ့အားကစားအထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းနောင်က ပြိုင်ပွဲ၌ အမှတ်ပေးဒိုင်များအဖြစ် ဆောင်ရွက်ပေးခဲ့ကြသော ဒိုင်လူကြီးများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ရာ ဒိုင်လူကြီးများကိုယ်စား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ ဒိုင်လူကြီး ဦးအောင်မြင့်က လက်ခံသည်။

တံခွန်စိုက်ဒိုင်းဆုချီးမြှင့်

ထို့နောက် အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက လူသစ်တန်းပြိုင်ပွဲ၌ ပထမရရှိသည့် တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံအသင်းအား လူသစ်တန်းတံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေးက (ဂ)အဆင့်ပြိုင်ပွဲ၌ ပထမရရှိသည့် အင်းတိုင်တပ်နယ် အသင်းအား (ဂ)အဆင့် တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က လူသစ်တန်းအကောင်းဆုံး လက်ဝှေ့ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

ဒိုင်းဆုချီးမြှင့်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၅ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် ရမှတ်အများဆုံးဖြင့် ပထမ ရရှိသည့် တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ အသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် အမျိုးသမီးများ၏ကဏ္ဍ မြှင့်တင်ရေး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပါဝင်ဆောင်ရွက်လျက်ရှိ တောင်ငူမြို့နယ် လဲဘူးစံပြကျေးရွာ၌ အမျိုးသမီးလေးများအား စက်ချုပ်သင်ကြားပေး အမျိုးသမီးထု၏ဘဝမြှင့်တင်ရေး စကားဝိုင်းများဖွဲ့ကာ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဆွေးနွေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူးတိုင်းဒေသစည်းရုံးရေးမှူး၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရမ်းစံပြကျေးရွာမှ ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ခရမ်းစံပြကျေးရွာတွင် စကားဝိုင်းများဖွဲ့ကာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ မြှင့်တင်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူးတိုင်း ဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေသင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း တောင်ငူမြို့နယ် ထီးနီကုန်းရွာမရှိ ဖေယျာသီရိ သီလရှင်စာသင်တိုက်နှင့် မိဘမဲ့ အမျိုးသမီးကလေးများဂေဟာသို့ ရောက်ရှိကြပြီး ကျောင်း၌ ပညာသင်ယူနေသော သီလရှင်များနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပဲခူးတိုင်းဒေသ စည်းရုံးရေးမှူး ဒေါ်ဝေဝေသင်း၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်နှင့် အဖွဲ့ဝင်များ တောင်ငူမြို့ လဲဘူးစံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား၊ ကျောင်းသူလေးများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)